# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ပဉ္စမပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) လှိုင်လင်မြို့နယ်၊ ဟွေတောက်ချောင်းကူ အလျား ၆၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၃ ပေရှိ အန္တရာယ်ရှိ သစ်သားတံတားနေရာတွင် သံကူကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန်နှင့် မိုင်းပွန်တိုက်နယ်ကျေးရွာအုပ်စုမှ တောင်ကြီးဖေးရွာအထိ မြေသားလမ်းအား ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) သရက်မြို့နယ် ထီးရိုးကျေးရွာမှ စမ်းလယ်ကျေးရွာအထိ ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်း ဖောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၈ | (ဂ) မုဒုံမြို့နယ်၊ ဝဲကလိကျေးရွာရှိ ဝဲကလိချောင်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၉ | (ဃ) ထီးချိုင့်မြို့နယ်အတွင်းရှိ အမှတ် (၃) ခရိုင်ချင်းဆက်လမ်း (ငပိချောင်း-မရသိမ်) လမ်းအား မြေပေါင်တင် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၁၀ | (င) ခနေဖြူမြို့နယ်၊ ဆကာကြီး-ဥကိုလမ်း (၅ မိုင်၊ ၄ ဖာလုံ) အနက် ကျန်ရှိသည့် ကျောက်ချောလမ်း (၁ မိုင်၊ ၄ ဖာလုံ)၊ အလမျိုး-နဲ့ကြိုး (၈ မိုင်၊ ၂ ဖာလုံ) နှင့် စံကင်း-ကလေ့သော့ (၇ မိုင်၊ ၁.၅ ဖာလုံ) ကျောက်ချောလမ်းတို့အား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |

၁၁ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၂၀

၁၂ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက် ရယူခြင်း ၂၅

၁၃ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၂၇

၁၄ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၃၄

၁၅ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း ၄၈

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၄

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၃၀–၅–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ ဟွေတောက်ချောင်းကူး အလျား ၆၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၃ ပေရှိ အန္တရာယ်ရှိသစ်သားတံတားနေရာတွင် သံကူကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန်နှင့် မိုင်းပွန်တိုက်နယ်ကျေးရွာအုပ်စုမှ တောင်ကြီးဖေးရွာအထိ မြေသားလမ်းအား ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်မြို့နယ်၊ ထီးရိုးကျေးရွာမှ စမ်းလယ်ကျေးရွာအထိ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်း ဖောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောထွန်း၊ မုဒုံ မဲဆန္ဒနယ်၏ **မုဒုံမြို့နယ်၊ ဝဲကလိကျေးရွာရှိ ဝဲကလိချောင်းတံတားအား သံကူကွန်ကရစ် တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်အတွင်းရှိ အမှတ်(၃) ခရိုင်ချင်းဆက်လမ်း (ငပိချောင်း– မရသိမ်)လမ်းအား မြေပေါ်တင် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်လှ၊ ခနောင်ဖြူ မဲဆန္ဒနယ်၏ **ခနောင်ဖြူမြို့နယ်၊ ဆကာကြီး– ဥတိုလမ်း (၅ မိုင်၊ ၄ ဖာလုံ)အနက် ကျန်ရှိသည့် ကျောက်ချောလမ်း (၁ မိုင်၊ ၄ ဖာလုံ)၊ အလမျိုး– နဲ့ကြိုး (၈ မိုင်၊ ၂ ဖာလုံ) နှင့် စံကင်း– ကလော့သော့ (၇ မိုင်၊ ၁.၅ ဖာလုံ) ကျောက်ချောလမ်း တို့အား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၊

(ခ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် **"တာတမံ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒေါ်အေးအေးမူ(ခ)၊ ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်က တင်သွင်းသည့် **"အဂတိလိုက်စားမှု (လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထု ဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက် မခိုင်လုံဘဲ ရုံးချိန်းခဏခဏ မပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများ ချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမင်းသိုင်း၊ ဘိုကလေး မဲဆန္ဒနယ်၊

(ခ) ဦးစိုးအောင်နိုင်၊ ကျုံပျော် မဲဆန္ဒနယ်၊

(ဂ) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၊

(ဃ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၊

(င) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၊

(စ) ဦးသန်းထွန်းမြင့်၊ ကလေး၀ မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၀င်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

## (၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၂၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊

(၂) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၃) ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ခွင့် ၁ ရက်၊

(၄) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၅) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၆) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၇) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၂ ရက်၊

(၈) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ခွင့် ၁ ရက်၊

(၉) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၁၀) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၁၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်၊

(၁၂) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ခွင့် ၁ ရက်၊

(၁၃) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)မေစိုး ခွင့် ၁ ရက်၊

(၁၄) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊

(၁၅) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၁၆) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၄ ရက်၊

(၁၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၁၈) မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ခွင့် ၁ ရက်၊

(၁၉) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၁ ရက်၊

(၂၀) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၁ ရက်၊

(၂၁) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၂၂) ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)အတွတ် ခွင့် ၁ ရက်နှင့်

(၂၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏

ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**လှိုင်လင်မြို့နယ်၊ ဟွေတောက်ချောင်းကူ အလျား ၆၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၃ ပေရှိ အန္တရာယ်ရှိသစ်သားတံတားနေရာတွင် သံကူကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန်နှင့် မိုင်းပွန်တိုက်နယ်ကျေးရွာအုပ်စုမှ တောင်ကြီးဖေးရွာအထိမြေသားလမ်းအား ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်ပေးရန်အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်လျက် မေးခွန်းမေးမြန်းပါမယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်တိုက်နယ်ကျေးရွာအုပ်စုမှ နားယမ်းကျေးရွာအုပ်စု တောင်ကြီးဖေးရွာသို့ သွားသည့်လမ်းပေါ်တွင်ရှိသည့် တိပေးကျေးရွာအနီးရှိ ဟွေတောက်ချောင်းကူး အလျား ၆၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၃ ပေရှိ သစ်သားတံတားသည် ရာသီဥတုဒဏ်ကြောင့်လည်းကောင်း၊ ဖြတ်သန်း သွားလာသည့် မော်တော်ယာဉ်များ၊ ထော်လာဂျီများ၊ မော်တော်ဆိုင်ကယ်များ၊ နွားလှည်းများ အသုံးပြု မှုများပြားသောကြောင့် အောက်ခြေကြမ်းခင်းများ၊ ဘေးနံရံများယိုယွင်းပျက်စီးနေပြီး ပြိုကျပျက်စီးရန် အန္တရာယ်ရှိနေပါ၍ အချိန်မီပြုပြင်အသစ်တည်ဆောက်ပေးနိုင်ပါရန်နှင့် မိုင်းပွန်တိုက်နယ်ကျေးရွာ အုပ်စုမှ နားယမ်းကျေးရွာအုပ်စု တောင်ကြီးဖေးရွာလမ်းသို့သွားသည့် မြေသားလမ်းအား ဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားမိဘပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်လျက် လက်ရှိမြေသားလမ်းမှ ကျောက်ချောလမ်း၊ ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် တင်ပြလာပါသဖြင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာနယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဒေသများသို့ အောက်ပါမေးခွန်းများကို မေးမြန်းပါမယ်ခင်ဗျား။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်တိုက်နယ်ကျေးရွာအုပ်စုမှ နားယမ်း ကျေးရွာအုပ်စု တောင်ကြီးဖေးရွာသွားလမ်း၊ တိပေးကျေးရွာအနီးရှိ ဟွေတောက်ချောင်းကူး အလျား ၆၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၃ ပေရှိ ဆွေးမြေ့ယိုယွင်းပျက်စီးနေသည့် အန္တရာယ်ရှိသစ်သားတံတား နေရာတွင် သံကူကွန်ကရစ်တံတားတစ်စင်း အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါ သည်။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးပါမည်နည်း။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်တိုက်နယ်ကျေးရွာအုပ်စုမှ နားယမ်းကျေးရွာအုပ်စု

တောင်ကြီးဖေးရွာထိ မြေသားလမ်းအား ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိလိုပါသည်။ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးပါမည် နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အပေါင်းတို့ကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်သီက ယခုလိုကျေးလက်ဒေသဖွံ့ဖြိုး ရေးအတွက် စိတ်ပါဝင်စားစွာနဲ့ ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်ကျေးရွာအုပ်စုနဲ့ နားယမ်းကျေးရွာအုပ်စုတို့ကို ဆက်သွယ်သွားလာနေတဲ့ တောင်ကြီးဖေးရွာလမ်း၊ တိဟေးကျေးရွာအနီး မှာရှိတဲ့ ဟွေတောက်ချောင်းကူးသစ်သားတံတား ၆၀ ပေ x ၁၃ ပေရဲ့လက်ရှိအခြေအနေမှာ ဟောင်းနွမ်းဆွေးမြေ့နေပြီး အဆိုပါသစ်သားတံတားကို သံကူကွန်ကရစ်တံတားအသစ်တစ်စင်းနဲ့ တည်ဆောက်မည်ဆိုပါက ငွေကျပ်သန်း ၆၀ ခန့်ကုန်ကျမှာဖြစ်ပါတယ်။

မိုင်းပွန်နှင့် နားယမ်းကျေးရွာအုပ်စုကို ဆက်သွယ်ထားတဲ့ တောင်ကြီးဖေးရွာလမ်း အရှည် လေးမိုင်၏လက်ရှိအခြေအနေမှာ ၁၈ ပေအကျယ် မြေသားလမ်းဖြစ်ပြီး အဆိုပါကျေးရွာချင်းဆက် လမ်းအရှည်လေးမိုင်ကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းဆောင်ရွက်ပါက စုစုပေါင်း ငွေကျပ် ၂၉၁.၃၆ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာ တဲ့ တောင်ကြီးဖေးရွာလမ်းနှင့် ဟွေတောက်ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း များအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ်သန်းပေါင်း ၃၅၁.၃၆ သန်းကုန်ကျမှာဖြစ်ပြီး ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၃၉၂ မှာရှိတဲ့ လူဦးရေ ၁၉၆၀ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။

**မူကြမ်း**

လှိုင်လင်မြို့နယ်အတွင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၂၉.၉၃၀ သန်းနဲ့ ကျောက်ချောလမ်းတစ်မိုင်၊ မြေသားလမ်း၁ မိုင် ၄ ဖာလုံနှင့် ကွန်ကရစ်တံတား ၃၁ ပေတို့ကို လျာထားဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်မှ လမ်းအမျိုးအစားနှင့် လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတားစံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ လမ်းနယ်နိမိတ်သတ်မှတ်ခြင်းနှင့် လမ်းပိုင်ဆိုင်မှုနယ်နိမိတ်သတ်မှတ်ခြင်းတို့ကို ဒေသန္တရလမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့တင်ပြ၍ အတည်ပြုချက်ရယူပြီး ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီး လမ်း၊ တံတားလုပ်ငန်းများအတွက် ဘဏ္ဍာငွေလျာထားရာမှာ ဗဟိုကော်မတီမှ အတည်ပြုထားတဲ့စံချိန်စံညွှန်းများ၏ စံနှုန်းများအတိုင်း စတင်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။

National Strategy for Rural Roads and Access ပါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ လမ်း၊ တံတားလုပ်ငန်းများအတွက် ပြည်နယ်/တိုင်းဒေသကြီးများမှ ဦးစားပေးရေးဆွဲတင်ပြလာသည့် လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်၍ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားရတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းလာတဲ့ လှိုင်လင်မြို့နယ်၊ မိုင်းပွန်ကျေးရွာအုပ်စုနှင့် နားယမ်းကျေးရွာအုပ်စုကို ဆက်သွယ်သွားလာနိုင်တဲ့ တောင်ကြီးဖေးရွာလမ်းနှင့် ပွေတောက်ချောင်းကူးကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိပေမဲ့ ယမန်နှစ်အတွင်းကတော့ ကျောက်ချောလမ်း ၁ မိုင်၊ မြေသားလမ်း ၁ မိုင် ၄ ဖာလုံနဲ့ ကွန်ကရစ်တံတား ၃၁ ပေ တို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လျာထားပါဝင်ခြင်းလည်းမရှိပါဘူး။ ယခုနှစ်အတွက် လှိုင်လင်မြို့နယ်အတွင်းမှာပါဝင်တာကတော့ လှိုင်လင်မြို့နယ်၊ ဆင်တောင်တာပူချောင်း ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်း ၃၅ ပေ x ၁၄ ပေ x ၉ ပေ စုစုပေါင်းကျပ်သန်းပေါင်း ၄၈.၄၇၅ သန်းသာ ဦးစားပေးအဆင့်အရ ပါဝင်တာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသော်လည်း နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများမှ ဦးစားပေးလျာထားမှုအပေါ်မှာမူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှူကြမ်း**

**သရက်မြို့နယ် ထီးရိုးကျေးရွာမှ စမ်းလယ်ကျေးရွာအထိ ရာသီမရွေးသွားလာနိုင်သော ကျောက်ချော လမ်းဖောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအား မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်မှ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်မေးမြန်းချင်တဲ့အကြောင်းအရာကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်ရဲ့ အနောက်မြောက်ဘက်တွင်ရှိသော ထီးရိုးကျေးရွာမှ စမ်းလယ်ကျေးရွာအထိ ၁၀ မိုင် ဝေးသောရွာများအတွင်း ကျေးရွာပေါင်း ၁၇ ရွာရှိပြီး အိမ်ခြေပေါင်း ၄၂၀၀ ခန့်နဲ့ လူဦးရေပေါင်း ၁၆၈၀၀ ခန့်ရှိပြီး တစ်ရွာနှင့်တစ်ရွာ ကျေးရွာချင်းဆက်လမ်းများမှာ မိုးတွင်းအခါတွင် လုံးဝသွားလာ နိုင်မှုမရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် Power Point ကျေးဇူးပြုပြီးတော့ တင်ပြခွင့်ပြုပါ။ နွေရာသီ တွင်လည်း ခယောင်းလမ်းများ အဖုအထစ်ချိုင့်ဝှမ်းများ၊ ချိုင့်ခွက်များ၊ တောင်စောင်းများဖြင့် သွားလာ လျှင်လည်း အလွန်ခက်ခဲကြမ်းတမ်းပါတယ်။ ကားဖြင့်သွားလာနိုင်မှုမရှိဘဲ နွားလှည်းများဖြင့်လည်း ကောင်း၊ ခြေလျင်များဖြင့်လည်းကောင်း သွားလာကြရပါတယ်။ ၎င်းကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများရဲ့အဓိက အလိုအပ်ဆုံးတောင်းဆိုမှုမှာ လမ်းပန်းဆက်သွယ်မှုကိုသာ တောင်းဆို ကြပါတယ်။ ဆက်သွယ်ရေးနှင့်ပတ်သက်၍ မိမိတို့စိုက်ပျိုးထုတ်လုပ်သော စပါး၊ ပဲမျိုးစုံ ဆီထွက်သီးနှံ များ သယ်ယူပို့ဆောင်ရန်ခက်ခဲခြင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများ တစ်ရွာမှ တစ်ရွာ သွားလာပညာသင်ကြားရာတွင်ခက်ခဲခြင်း ၎င်းတို့ရဲ့ ကျန်းမာရေးနှင့်ပတ်သက်၍ မီးဖွားလူနာ၊ မြွေကိုက်လူနာများအား လူများထမ်းသော စောင်၊ ပုခက်များဖြင့် ထမ်းယူ၍ သယ်ယူရပါတယ်။ လမ်း ခုလတ်အတွင်း အသက်ဆုံးရှုံးရသောသူများလည်း မကြာခဏဆိုသလို ဖြစ်ပေါ်ခံစားနေရပါတယ်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ အသက်ဆုံးရှုံးမှုများပြား၍ ၎င်းကျေးရွာ များရှိ ရွာသူရွာသားများမှာ မိမိတို့ကိုယ်တိုင် အလွန်ဆန္ဒပြင်းပြခြင်း၊ အလိုအပ်ဆုံးဟုယူဆ၍ ခက်ခဲ သော ခယောင်းလမ်းများ၊ ချိုင့်ခွက်များ၊ တောင်စောင်းများ၊ ကျောက်တုံးကျောက်ခဲများ ရသလောက်

**မူကြမ်း**

အင်နဲ့အားနဲ့ ဖောက်လုပ်ကြရပါတယ်။ လမ်းများမှာ ကားလမ်းမဟုတ်ဘဲ လှည်းလမ်းအားချဲ့ထွင်၍ ကိုယ်ထူကိုယ်ထ ဖောက်လုပ်နေကြရသည်မှာ ၎င်းတို့ဘဝကို အလွန်စာနာသနားမိပါတယ်။ ကုန်ပစ္စည်းများအများအပြား ထွက်ရှိ၍ သယ်ယူပို့ဆောင်ရောင်းချလိုသော်လည်း နွားလှည်းဖြင့် တစ်အိတ်၊ နှစ်အိတ်သာသယ်ယူနိုင်ခြင်း၊ နွားလှည်းမှာ နွံနစ်၍ ၎င်းလှည်းဝင်းရိုးကျိုး၍ ၎င်းအချိန် နှောင့်နှေးကြန့်ကြာနေရခြင်း၊ ဆရာဆရာမများ မြို့မှကျေးရွာသို့လာလျှင် နွားလှည်းဖြင့်လာပါက တစ်ယောက်လျှင် ကျပ် ၁၅၀၀၀ ပေးရခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ သရက်မြို့ ဆေးရုံသို့သယ်ယူရာတွင် ငွေကြေးအများအပြားကုန်ကျခြင်း၊ အချိန်များစွာကြန့်ကြာ ကြာမြင့်ခြင်း၊ အသက်ဆုံးရှုံးရခြင်း အလွန်စိုးရိမ်ရကြောင်း မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာအဖြစ် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း တင်ပြအပ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းမှာရှိတဲ့ ထီးရို-စမ်းလယ်ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်မည်ဆိုပါက စမ်းလယ်-ကညစ်ကျ-ချင်းကုန်း-အကြီးစား-ပွန်းကြီး-ဖောင်းကအိုင့် မြေသားလမ်းအရှည် ၈ မိုင် ၄ ဖာလုံ၊ ဖောင်းကတောကျေးရွာနှင့် ဖောင်းကအိုင့်ကျေးရွာကြားမှာ ပွန်းချောင်းဖြတ်သန်းစီးဆင်းလျက်ရှိတဲ့အတွက် လမ်းဖောက်လုပ်ရန် အခက်အခဲရှိပါတယ်။ ဖောင်းကအိုင့်ကျေးရွာမှ ထီးရိုး-ဖောင်းကတော-မကျီးရုံကျေးရွာချင်းဆက်လမ်း ၆ မိုင် ၄ ဖာလုံပေါ်သို့ မြေသားလမ်း ၃ မိုင် စုစုပေါင်းလမ်းအရှည် ၁၈ မိုင်ဖောက်လုပ်ရမှာ ဖြစ်ပါတယ်။ ထီးရိုး-စမ်းလယ်ကျေးရွာအထိ အရှည် ၁၈ မိုင်ရှိပြီး ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၂၄၅ အိမ်ရှိ လူဦးရေပေါင်း ၄၈၄၄ တို့ကို အကျိုးပြုမှာဖြစ်ပါတယ်။ အရှည် ၈ မိုင် ၄ ဖာလုံကို ကျောက်ချောလမ်းအဆင့်မြှင့်တင်ပါက ငွေကျပ် ၅၆၃.၅၅ သန်း၊ ကျန် ၉ မိုင် ၄ ဖာလုံကို မြေသားလမ်းအဖြစ်ဆောင်ရွက်ပါက ငွေကျပ် ၁၇၁.၀၉၅ သန်း

နှင့် ကျောက်ချောလမ်းအဆင့်မြှင့်တင်ပါက ငွေကျပ် ၆၂၉.၈၅ သန်းစုစုပေါင်းကုန်ကျငွေကျပ် ၁၃၆၄.၄၉၅ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

သရက်မြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး ခွင့်ပြုရန်ပုံငွေကျပ် ၃၃၈.၀၀ သန်းဖြင့် သစ်သားတံတားတစ်စင်း၊ ရေကျော် ၁၀ စင်းနှင့် ရေပြွန်ရှစ်စင်း တို့အား လျာထားဆောင်ရွက်ပြီးလည်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးမြန်းလာ တဲ့ သရက်မြို့နယ်အတွင်းမှာရှိတဲ့ ထီးရိုး-စမ်းလယ်ကျေးရွာချင်းဆက်လမ်းဟာ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိခဲ့ပါဘူး။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ သရက်မြို့နယ်မှာ သစ်သားတံတားတစ်စင်း၊ ရေကျော် ၁၀ စင်းနှင့် ရေပြွန်ရှစ်စင်းတို့ကို ဆောင်ရွက်ပြီးခဲ့ပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်မှာတော့ သရက်မြို့နယ်အတွင်းမှာ ပါဝင်တဲ့အချက်ကတော့ ပါးပွတ်တုံ ပုဏ္ဏားလမ်းပေါ်မှာရှိတဲ့ ရေကျော်တိုးချဲ့ခြင်းတစ်စင်း ၈၀ ပေ x ၃၀ ပေအတွက် ကျပ်သန်း ပေါင်း ၂၈ သန်း၊ ဒုတိယအနေနဲ့ ပါးပွတ်တုံ ပုဏ္ဏားလမ်းပေါ်မှာရှိတဲ့ ကွန်ကရစ်တံတား ငါးစင်း ၁၀ ပေ x ၁၄ ပေ x ၁၂ ပေ တံတားတစ်စင်း တန်ဖိုးအားဖြင့် ၇၅ သန်းသာပါဝင်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက်သည် လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပါဝင်မှုမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများမှာ ဦးစားပေး လျာထားမှုပေါ်မှာမူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မုဒုံမြို့နယ်၊ ဝဲကလိကျေးရွာရှိ ဝဲကလိချောင်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောထွန်း(မုဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် ကြယ်ပွင့်ပြမေးခွန်းကတော့ မွန်ပြည်နယ်၊ မုဒုံမြို့နယ် ဝဲကလိကျေးရွာရှိ ဝဲကလိချောင်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝဲကလိကျေးရွာသည် မုဒုံမြို့နယ်၊ ကွင်းပိုင်းရွာများအနက် ပင်လယ်နှင့်နီးကပ်စွာ တည်ရှိနေပြီး တံငါနှင့် လယ်သမားအများစုနေထိုင်သည့် ရှေးဟောင်းရွာဖြစ်ပြီး ကွင်းပိုင်းရွာချင်း ဆက်အနေဖြင့် ကမာအုပ်ကျေးရွာ၊ ဘလောက်ညောင်ဝိုင်းကျေးရွာ၊ ကတုံးပေါ်ကျေးရွာ၊ ကော့ပရံ ကျေးရွာကြီးများနှင့် ကူးလူးဆက်ဆံနေရသောရွာဖြစ်ပြီး မုဒုံမြို့နှင့် ရှစ်မိုင်ခန့်ကွာဝေးသည့် အစွန်းအဖျား ကျသောရွာလည်းဖြစ်ပါသည်။ လွန်ခဲ့သော မ.ဆ.လအစိုးရလက်ထက် ၁၉၈၀ ခုနှစ်က သစ်သား တံတားတစ်ခု တည်ဆောက်ပေးခဲ့ပြီး ၁၉၉၉ ခုနှစ်က တံတားမှာစတင်ပျက်စီးလာပြီး အကြိမ်ကြိမ် ပြုပြင်လာရာမှ ၂၀၀၀ ခုနှစ်တွင် လုံးဝပြိုလဲပျက်စီးသွားချိန်မှစ၍ ယနေ့အထိ ခေတ်အဆက်ဆက် အစိုးရများက လုပ်ဆောင်ပေးမှုမရှိဘဲ ပေ ၃၀၀ ခန့်ကျယ်သောချောင်းကို လှေဖြင့်တစ်ဖက်ကမ်းကူးပြီး ကျန်ကွင်းရွာများကိုဖြတ်၍ မုဒုံမြို့သို့လာရောက်ရပြီး ကမာအုပ်ကျေးရွာများကိုဖြတ်၍ ကမာဝက် မြို့နယ်ခွဲမှတစ်ဆင့် မုဒုံမြို့သို့ ၁၆ မိုင်ကျော်ခန့်ခရီးကွာဝေးစွာအချိန်ကုန်ခံ၍ သွားလာရသည့်ဒုက္ခ ကြီးစွာ ခံစားနေရပါသည်။ အကယ်၍ နိုင်ငံတော်မှ ဝဲကလိချောင်းတံတားအား ခေတ်မီသံကူကွန်ကရစ် တံတားသစ်တစ်စင်း တည်ဆောက်ပေးနိုင်မည်ဆိုပါက ရွာနှင့် ပတ်ဝန်းကျင်ကူးလူးဆက်ဆံနေရသော ကွင်းပိုင်းရွာများအားလုံးအတွက် ပညာသင်ကြားရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစစဖွံ့ဖြိုး တိုးတက်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုမေးမြန်းချက်အား အလေးအနက်သုံးသပ်၍ ကျေးရွာချင်းဆက်နွယ်နေသော ဝဲကလိချောင်းတံတားသစ်အား နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက် ပေးပါရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက မည်သည့်ကာလတွင် တည်ဆောက်ပေးမည်ကို မေးမြန်းတင်ပြ ရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစောထွန်းမှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် စိတ်ပါဝင်စားစွာနှင့် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးမေးမြန်းပေးတဲ့အတွက် အထူးပင် ကျေးဇူးတင်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဝဲကလိကျေးရွာအတွင်းမှာရှိတဲ့ ဝဲကလိချောင်းကူးတံတား ၃၀၀ ပေရဲ့ လက်ရှိအခြေအနေမှာ ပြိုလဲပျက်စီးနေတဲ့ သစ်သားချောင်းကူး

တံတားဖြစ်ပါတယ်။ အဆိုပါသစ်သားတံတားကို သံကူကွန်ကရစ်တံတား တည်ဆောက်ပါက ငွေကျပ်သန်း ၆၀၀ ကုန်ကျမှာဖြစ်ပြီး ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၁၉၂၆ အိမ်နဲ့ လူဦးရေပေါင်း ၁၀၃၇၇ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။ မုဒုံမြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၄၀၀.၉၃ သန်းနဲ့ ကွန်ကရစ်လမ်း ၆ မိုင် ၄ ဖာလုံကို ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်က လျာထားဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ကျေးလက်လမ်း၊ တံတားလုပ်ငန်းများနှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့်မှ လမ်းအမျိုးအစားနှင့် လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတားစံချိန်စံညွှန်းသတ်မှတ်ခြင်း၊ လမ်းနယ်သတ်မှတ်ခြင်းနှင့် လမ်းပိုင်ဆိုင်မှုနယ်နိမိတ်သတ်မှတ်ခြင်းများအား ဒေသန္တရလမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရယူပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စပြီး လမ်း၊ တံတားလုပ်ငန်းများအတွက် ဘဏ္ဍာငွေလျာထားရာမှာ ဗဟိုကော်မတီမှ အတည်ပြုထားတဲ့ စံချိန်စံညွှန်းများ၏ စံနှုန်းများအတိုင်း စတင်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။ National Strategy for Rural Roads and Access ပါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ လမ်း၊ တံတားလုပ်ငန်းများအတွက် ပြည်နယ်/တိုင်းဒေသကြီးများမှ ဦးစားပေးရေးဆွဲတင်ပြလာတဲ့လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစိစစ်၍ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး ဆက်လက်ဆောင်ရွက်သွားနေရတာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှမေးမြန်းလာတဲ့ မုဒုံမြို့နယ်အတွင်းမှာရှိတဲ့ ဝဲကလိချောင်းကူးတံတားတည်ဆောက်ခြင်းကို မိမိရဲ့ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခဲ့ခြင်းမရှိသော်လည်းပဲ မုဒုံမြို့နယ်မှာ ကွန်ကရစ်လမ်း ၆ မိုင် ၄ ဖာလုံကို ယခင်ဘဏ္ဍာရေးနှစ်က ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ လျာထားမှုမှာ ဆက်လက်ပြီးတော့ မပါဝင်တာတွေ့ရပါတယ်။ သို့ဖြစ်ပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသော်လည်း နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများမှ ဦးစားပေး လျာထားမှုအပေါ်မှာမူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ထီးချိုင့်မြို့နယ်အတွင်းရှိ အမှတ်(၃)ခရိုင်ချင်းဆက်လမ်း(ငပိချောင်း-မရသိမ်)လမ်းအား မြေပေါင်တင် ကျောက်ချောလမ်းခင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ ထီးချိုင့်မြို့နယ်အတွင်းမှာရှိတဲ့ အမှတ်(၃)ခရိုင်ချင်းဆက်လမ်းနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်နှင့် ရွှေဘိုခရိုင် ဆက်သွယ်ထားတဲ့ အမှတ်(၃)ခရိုင်ချင်းဆက်လမ်း ထီးချိုင့်မြို့နယ်အပိုင်းအနေနဲ့ မရသိမ်ကျေးရွာမှ ငပိချောင်းကျေးရွာအထိ ၁၇ မိုင် လေးဖာလုံ ရှည်လျားပြီး ငပိချောင်း၊ ဗဟိုကုန်း၊ တုံငယ်၊ မြကန်သာ၊ ဝဲကြီး၊ ချွန်းတောင်၊ ဝွေးပင်ချောင်း၊ ကျွန်းချောင်း၊ ကြက်ဆူချောင်း၊ ဖက်တဲ ပဲခူးချောင်းနှင့် မရသိမ်စတဲ့ တောင်ခြေတစ်တန်းကျေးရွာများရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့ကို အထူးအကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ယခုအခါ အဲဒီလမ်းပိုင်းကို အဆိုပါကျေးရွာများမှ ဆရာတော်များက ဦးဆောင်ဦးရွက်ပြုပြီး မတည်ငွေ၊ ကျေးရွာနေပြည်သူများမှ အလှူငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ ကမကထပြုတဲ့ နီကယ်လ်ကုမ္ပဏီမှ အလှူငွေအပြင် ကိုယ်စားလှယ်များပူးပေါင်းဆောင်ရွက်တဲ့ တိုင်းဒေသကြီးတင်ဒါပိုလျှံငွေမှ ထည့်ဝင်ငွေတွေနဲ့အတူ ကိုယ်ထူကိုယ်ထလမ်းကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှစ၍ ဖောက်လုပ်ခဲ့ရာ ယခုအခါ နွေရာသီမှာ သွားလို့ရတဲ့မြေပေါင်တင်လမ်းကြောင်းကလေးအဖြစ် ရောက်ရှိခဲ့ပါပြီ။ ဒါပေမဲ့ မိုးတွင်းရောက်တဲ့အခါမှာ မြေသားလမ်းဖြစ်ပြီး တံတားကူးများစွာရှိတဲ့အတွက် ဒေသခံပြည်သူတွေအနေနဲ့ ရာသီမရွေးသွားလာနိုင်တဲ့လမ်းဖြစ်မှသာ ချောမောလွယ်ကူစွာ သွားလာနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖောက်လုပ်ခဲ့တဲ့လမ်းမှတ်တမ်းဓာတ်ပုံလေးတွေပြဖို့ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ဆောက်လုပ်ခဲ့တဲ့ မှတ်တမ်းတွေပါ။ ဒါဟာနောက်ဆုံး ပြီးမြောက်ခဲ့တဲ့ မြေပေါင်တင်လမ်းကြောင်းလေးရဲ့မှတ်တမ်းလေးဖြစ်ပါတယ်။ ဒါကြောင့်မို့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ထီးချိုင့်မြို့နယ်အတွင်းမှာရှိ အမှတ်(၃)ခရိုင်ချင်းဆက်လမ်း ငပိချောင်း-မရသိမ်လမ်းအား

ရာသီမရွေးသွားလာနိုင်တဲ့ မြေပေါင်တင်ကျောက်ချောလမ်းခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်အတွင်းမှာရှိတဲ့ အမှတ်(၃)ခရိုင်ချင်းဆက်လမ်း(ငပိချောင်း-မရသိမ်)လမ်းအား မြေပေါင်တင်ကျောက်ချောလမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပူးတွဲဖြေကြားသွားမှာဖြစ်ပါတယ်။

အမှတ်(၃)ခရိုင်ချင်းဆက်လမ်း၊ ထီးချိုင့်မြို့နယ်အပိုင်း(ငပိချောင်းမှ မရသိမ်အထိ) ၁၇ မိုင် ၄ ဖာလုံရှိပြီး မူလတစ်ကြောင်းထိုးလမ်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လမ်းအရှည် ၁၇ မိုင် ၄ ဖာလုံမှ လမ်းအရှည် ၁ မိုင် ၀.၀၈ ဖာလုံကို (၁၄) ပေအကျယ် တစ်ပေထုမြေပေါင်တင်ခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ထောက်ပံ့ရန်ပုံငွေနဲ့ လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ ၁၆ မိုင် ၃.၈၂ ဖာလုံကိုတော့ နှစ်ပေထုမြေပေါင်တင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၄၅.၀၃ သန်း ကုန်ကျမှာဖြစ်ပါတယ်။ မြေပေါင်တင်ထားတဲ့လမ်း ၁၇ မိုင် ၄ ဖာလုံ ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်ပါက ခန့်မှန်းကုန်ကျငွေကျပ် ၃၄၁၄.၇၇၅ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ၎င်းလမ်းပေါ်မှာ တံတား ၂၆ စင်းတည်ဆောက်ရန်လိုအပ်ပြီး မူလတံတားဟောင်း ၁၀ စင်း နေရာမှာ ၅၀ ပေ ကွန်ကရစ်တံတားတစ်စင်း၊ ၄၀ ပေ ကွန်ကရစ်တံတားနှစ်စင်း၊ ၃၀ ပေ ကွန်ကရစ်တံတားတစ်စင်း၊ ၂၂ ပေ ကွန်ကရစ်တံတားတစ်စင်း၊ ၂၀ ပေ ကွန်ကရစ်တံတားလေးစင်း၊ ၁၀ ပေ ကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်ရမှာဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် ၃၃၁.၂ သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ အသစ်ဆောက်လုပ်မည့်တံတား ၁၆ စင်းမှာ ၁၂၀ ပေ ဘိုးပိုင်တံတားနှစ်စင်း၊ ၁၀၀ ပေ ဘိုးပိုင်တံတားနှစ်စင်း၊ ၇၀ ပေ ဘိုးပိုင်တံတားလေးစင်း၊ ၆၀ ပေ ဘိုးပိုင်တံတား တစ်စင်း၊ ၂၀ပေ ကွန်ကရစ်တံတားတစ်စင်း၊ ၁၅ ပေ ကွန်ကရစ်တံတားတစ်စင်း၊ ၁၀ ပေ ကွန်ကရစ်တံတား

နှစ်စင်း၊ ၅ ပေ Box Culvert သုံးစင်း ဆောင်ရွက်ရမှာဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် ၁၃၆၇.၇၂ သန်းကုန်ကျမည်ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် အမှတ်(၃)ခရိုင်ချင်းဆက်လမ်း ငပိချောင်း-မရသိမ်လမ်းကို ကျောက်ချော လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအား ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်ပြလာပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့လည်း အဆိုပါ ကျောက်ချောလမ်းခင်းခြင်းနှင့် တံတား တည်ဆောက်ခြင်းလုပ်ငန်းများဟာ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**ခနေဖြူမြို့နယ်၊ ဆကာကြီး-ဥတိုလမ်း(၅ မိုင်၊ ၄ ဖာလုံ)အနက် ကျန်ရှိသည့် ကျောက်ချောလမ်း(၁ မိုင်၊ ၄ ဖာလုံ)၊ အလမျိုး-နဲ့ကြိုး(၈ မိုင်၊ ၂ ဖာလုံ)နှင့် စံကင်း-ကလော့သော့(၇ မိုင်၊ ၁.၅ ဖာလုံ) ကျောက်ချောလမ်းတို့အား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခနေဖြူမဲဆန္ဒနယ်မှ ဦးတင်လှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်လှ(ခနေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်အားလုံး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာကြည်သာရွှင်ပြလို့ ကောင်းကျိုးလိုရာဆန္ဒတွေနဲ့ ပြည်ဝနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလို တဲ့မေးခွန်းကတော့ ခနေဖြူမြို့နယ်၊ ဆကာကြီး-ဥတိုလမ်း ၅ မိုင်၊ ၄ ဖာလုံ အနက်က ကျန်ရှိတဲ့ ၁ မိုင် ၄ ဖာလုံ၊ အလမျိုး-နဲ့ကြိုးလမ်း ၈ မိုင် ၂ ဖာလုံ၊ စံကင်း-ကလော့သော့လမ်း ၇ မိုင် ၁.၅ ဖာလုံ လမ်းတို့ကို အဲဒီကျောက်ချောလမ်းတွေကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီလို မေးမြန်းရခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြခွင့် ပြုပါခင်ဗျား။ ခနေဖြူမြို့ဟာဖြင့် ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်မှာပါဝင်ပြီးတော့ တိုက်နယ်ပေါင်း ခုနစ်ခု၊ ကျေးရွာအုပ်စုပေါင်း ၆၃ ခု၊ ကျေးရွာခွဲပေါင်း ၄၄၉ ရွာ၊ မြို့ပေါ်ရပ်ကွက် ၁၈ ရပ်ကွက်၊ လူဦးရေပေါင်း ၁၈၇၉၈၄ ဦး နေထိုင်ပါတယ်။ ခုန ဆကာကြီး-ဥတိုလမ်းနှင့် စံကင်း-ကလော့သော့

လမ်းဟာ ခနေဖြူမြို့ရဲ့အရှေ့ဘက် ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိတယ်။ ဆကာကြီး-ဥတိုလမ်းဟာ ခနေဖြူမြို့နယ် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် ဥတိုကျေးရွာသို့ ဆက်သွယ်ထားတဲ့လမ်းဖြစ်ပါတယ်။ ဆကာကြီးတိုက်နယ်ကျေးရွာအုပ်စုပေါင်း ၁၂ အုပ်စု၊ ရွာပေါင်း ၇၅ ရွာကို အကျိုးပြုတဲ့ ကုန်ထုတ်လမ်းဖြစ်ပါတယ်။ ဒါပေမဲ့ မိုးကာလမှာ လုံးဝပိတ်သိမ်းပြီးတော့ ဧရာဝတီမြစ် ခနေဖြူနဲ့ ဘေယ်ကုတ် ၇ မိုင်ခရီးကို ပဲ့တောင်မော်တော်ယာဉ် သွားပြီး ခနေဖြူမှတစ်ဆင့် သွားရတဲ့ခရီး ဖြစ်ပါတယ်။ နောက်တဖန် အလမျိုး-နှဲကြိုးလမ်းဟာ အရှည် ၈ မိုင် ၂ ဖာလုံရှိတယ်။ အဲဒီထဲမှာမှ ဇီးဖြူကုန်း-ငဖအိမ်လမ်းဟာဖြင့် အင်မတန်မှ ဆိုးလှပါတယ်။ ဘယ်လောက်ထိဆိုးဝါးလဲဆိုရင်တော့ ရာစုနှစ် တစ်ရာစုလောက်ကို ကြာနေပါတယ်။ ကျွန်တော်ကိုယ်တိုင် နှစ်လေးဆယ်နီးပါးလောက် အဲဒီလမ်းကို ဖြတ်သန်းခဲ့ရပါတယ်။ အဲဒီတော့ မိုးကာလမှာလည်းပဲ ပိတ်သိမ်းထားတဲ့လမ်းဖြစ်တယ်။ ၃ နာရီ မနက် ၄ နာရီလောက်က စောစာထပြီး ဗေဒါကြားမှာတိုး၊ ၇ နာရီ ၈ နာရီမှ ခနေဖြူကိုရောက်၊ နာရီဝက်လောက်နဲ့ရောက်ရမယ့်ခရီးဟာ ၃ နာရီလောက် ကြာပါတယ်။ အဲဒီမှာဆိုရင် အဲဒီလမ်းဟာဖြင့် အလမျိုးကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာခွဲပေါင်း ၄၉ ရွာ၊ ကျောင်းစုတိုက်နယ် ၁၁ အုပ်စု၊ ကျေးရွာအုပ်စုခွဲ ရွာပေါင်း ၇၆ ရွာကို အကျိုးပြုတဲ့ကုန်ထုတ်လမ်းဖြစ်ပါတယ်။ နောက်တဖန် ကျွန်တော်တို့ စံကင်း-ကလော့သော့လမ်းဟာဆိုရင် ၈ မိုင် ၂ ဖာလုံ တိုက်နယ်ဆေးရုံလည်း အဲဒီလမ်းမှာရှိပါတယ်။ အဲဒါဟာ ဧရာဝတီတိုင်းဒေသကြီး စံကင်းတိုက်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီး ကလော့သော့ကျေးရွာ တိုက်ရိုက်ဆက်သွယ်ထားတဲ့လမ်းဖြစ်ပါတယ်။ သူလည်း မိုးကာလမှာ မသွားလာနိုင်ပါဘူး။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ခနေဖြူမြို့နယ်ရဲ့ တိုက်နယ်ခုနစ်ခုမှာ လေးခုသော တိုက်နယ်ကို လွှမ်းခြုံထားတဲ့လမ်းတွေဖြစ်ပါတယ်။ အဲဒီလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးလိုက်မယ်ဆိုရင် နေ့ညမဟူရာသီမရွေးသွားလာနိုင်တဲ့လမ်းတွေဖြစ်ပြီးတော့ ခနေဖြူ တစ်မြို့နယ်လုံးရဲ့ လယ်ယာ၊ ခြံမြေ၊ ကောက်ပဲသီးနှံတွေ၊ ကုန်စည်စီးဆင်းမှုတွေ၊ ရေလုပ်ငန်းရဲ့ကုန်စည် စီးဆင်းမှုတွေ အားကောင်းပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအားလုံး တိုးတက်လာမယ်။ အဲဒီလမ်းတွေ ကွန်ကရစ်လမ်းဖြစ်သွားမယ် ဆိုရင်တော့ တိုက်နယ်လေးခု၊ ရွာပေါင်း ၂၅၁ ရွာလောက်ကို အကျိုးပြုမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလမ်းသုံးလမ်းကို ကျောက်ချောလမ်းမကြီး ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလ၊ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုမယ်ဆိုတဲ့အကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒပြည်သူများရဲ့ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှူးကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှမှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်အတွင်းမှာရှိတဲ့ ဆကာကြီး-ဥတိုလမ်းအရှည် ၅ မိုင် ၄ ဖာလုံနှင့် ၄ မိုင်မှာ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ကျန်ကျောက်ချောလမ်းပိုင်း ၁ မိုင် ၄ ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပါက ငွေကျပ် ၂၆၈.၄၂၅ သန်းခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာ ၅၇ ရွာမှာရှိတဲ့ လူဦးရေပေါင်း ၂၀၀၁၄ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။ ဓနုဖြူမြို့နယ်၊ အလမျိုး-နဲ့ကြိုးကျောက်ချောလမ်း အရှည် ၈ မိုင် ၂ ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပါက ငွေကျပ် ၁၄၇၆.၃၃၈ သန်းခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာ ၂၆ ရွာမှာရှိတဲ့ လူဦးရေ ၁၆၃၄၀ ဦးတို့ကို အကျိုးပြုမှာ ဖြစ်ပါတယ်။ ဓနုဖြူမြို့နယ် စံကင်း-ကလော့သော့ ကျောက်ချောလမ်းအရှည် ၇ မိုင် ၁.၅ ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပါက ငွေကျပ် ၁၂၈၆.၂၀၃ သန်းခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာ ၁၉ ရွာမှာရှိတဲ့ လူဦးရေ ၇၄၂၂ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။

ဓနုဖြူမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၅၂၄.၃၀ သန်းနဲ့ ကွန်ကရစ်လမ်း ၁ မိုင်၊ ကျောက်ချောလမ်း ၃ မိုင် ၃.၂ ဖာလုံ၊ ကွန်ကရစ်တံတားတစ်စင်း၊ သစ်သားတံတား ၁၀ စင်းနှင့် Box Culvert သုံးစင်းတို့ကို လျာထားဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ဓနုဖြူမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာချင်းဆက်လမ်းသုံးလမ်းတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိသော်လည်းပဲ ဓနုဖြူမြို့နယ်အတွင်းမှာ ယခင်ဘဏ္ဍာရေးနှစ်အတွင်းက ကွန်ကရစ်

လမ်း ၁ မိုင်၊ ကျောက်ချောလမ်း ၃ မိုင် ၃.၂ ဖာလုံ၊ ကွန်ကရစ်တံတားတစ်စင်း၊ သစ်သားတံတား ၁၀ စင်းနှင့် Box Culvert သုံးစင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ဟာကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်းပဲ ထောက်လျှာရိုး-ကုန်းတန်းမြောက် ကျောက်ချောလမ်းအတွက် ၄.၇၀၇ မိုင် ၁၂ ပေအကျယ် ၁၂ လက်မ အထူကို ကျပ်သန်းပေါင်း ၁၃၆.၃၉၀ သန်းနှင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါတဲ့ အတွက် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီး များမှ ဦးစားပေးလျာထားမှုအပေါ်မှာမူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး အနည်းအကျဉ်းတင်ပြလိုတဲ့ဝန်ကြီးဌာနနှင့် ဆောင်ရွက်ချက် လေး အနည်းအကျဉ်း တင်ပြခွင့်ပြုပါ။ မိမိအနေနဲ့ ငွေကြေးရဲ့စီးဆင်းမှုအနေအထားလေး အနည်းငယ် တင်ပြချင်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှ လက်ရှိ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ကျေးလက်နှင့် တံတားပေါင်းအတွက်ကျတဲ့ငွေဟာ အနီးကပ်ဆုံးနှိုင်းယှဉ်ပြမယ်ဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မှာ ကျေးလက်လမ်းပေါင်းအတွက် ခွင့်ပြုဘဏ္ဍာငွေဟာ ၂၂၂၄ မိုင်အတွက် ဖြစ်ပါတယ်။ ယခုနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်အတွက်ကတော့ ကျေးလက်လမ်းအတွက် ၂၀၂ မိုင်နှင့် ၃.၉၆ ဖာလုံသာရတဲ့ အတွက် ရာခိုင်နှုန်းအားဖြင့် 9.1 Percent သာရပါတယ်။ ကျေးလက်တံတားအရှည်အနေနဲ့ တွက်မယ် ဆိုရင် ယမန်နှစ်က ခွင့်ပြုပေပေါင်းဟာ ၂၁၅၈၄၈ ပေဖြစ်ပြီး ယခုခွင့်ပြုတဲ့ တံတားရဲ့အရှည်ပေဟာ ၉၉၃၃ ပေဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၄.၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ မိမိရဲ့ဝန်ကြီးဌာနအနေနဲ့ ဘတ်ဂျက်လျာထားမှုနေရာ ဆောင်ရွက်ပေးနေရသော်လည်းပဲ မြို့နယ်တစ်မြို့နယ်မှာ လက်ရှိအနေနဲ့ ဦးစားပေးလုပ်ငန်း သို့မဟုတ် ဒုတိယဦးစားပေးလုပ်ငန်းများကို စီမံဆောင်ရွက်ထားရှိပြီး ဦးစားပေး လမ်းမြို့နယ်အလိုက် ၁၅ လမ်းကို ဆောင်ရွက်ထားရှိတယ်။ ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဦးစားပေးလမ်း ၅၀ စီကိုလည်း ဦးစားပေးရွေးချယ်သတ်မှတ်ပြီး နိုင်ငံတော်၏မူဝါဒများနှင့်အညီ နိုင်ငံတကာအထောက်အကူများရရေးအတွက် ဒါဂူသို့ပေးပို့တင်ပြထားပြီးဖြစ်ကြောင်း ဆက်လက် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ကိုယ်စားလှယ်များ အနေနဲ့ မေးခွန်းမေးတဲ့အခါမှာ ကျွန်တော် မကြာခဏပြောပါတယ်။ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၁ နည်းဥပဒေခွဲ(ဃ)အရ အကြောင်းကိစ္စတစ်ရပ်ကို သိလိုတဲ့မေးခွန်းဖြစ်ရမယ်။ အကြောင်းကိစ္စ တစ်ရပ်ကိုသိလိုတဲ့မေးခွန်းဖြစ်ရမယ်ဆိုတာ အကြောင်းကိစ္စတစ်ရပ်ကို သိလိုလို့မေးတဲ့အခါကျတော့

ကိုယ်လည်းသေသေချာချာအချိန်ပေးရတဲ့ ကန့်သတ်ချိန်အတွင်းမှာ အကြောင်းကိစ္စတစ်ခုကို သေသေချာချာကိုယ်ကရှင်းလင်းပြီးတော့ မေးမြန်းဆွေးနွေးလို့ရတယ်။ ဝန်ကြီးဌာနကလည်း အဲဒီအကြောင်းကိစ္စတစ်ခုကို သတ်မှတ်ချိန်အတွင်းမှာ ရေရေရာရာပြန်လည်ပြီးတော့ ဖြေကြားလို့ရတယ်။ အကြောင်းကိစ္စသုံးလေးရပ်သွားပေါင်းလိုက်တဲ့အခါကျတော့ ဒီသတ်မှတ်ချိန်အတွင်းမှာ ကိုယ်ကလည်း အဲဒီသုံးလေးရပ်ကို မီအောင်ပြောရတယ်။ ဝန်ကြီးဌာနကလည်း အဲဒီသုံးလေးရပ်ကို ခြုံငုံပြီးတစ်ခါ၊ တစ်ခါဖြေရတယ်။ အဲဒါကြောင့်မို့လို့ ဥပဒေအရကြည့်ရင်လည်း လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၁ နည်းဥပဒေခွဲ(ဃ)နဲ့မညီတာ သွားတွေ့ရတယ်။ အကြောင်းကိစ္စတစ်ရပ်ကိုသိလို၍ မေးမြန်းတဲ့မေးခွန်းဖြစ်ရမယ်။ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ဒီမှာ ဒါလေးတွေကို နည်းနည်းသတိထားဖို့လိုတယ်။ ဒီမှာက ဥပမာဆိုလို့ရှိရင် ဆကာကြီး-ဥတိုလမ်းကိစ္စကတစ်ခု၊ စံကင်း-ကလော့သော့လမ်းကတစ်ခု၊ အလမျိုး-နဲ့ကြိုးလမ်းကတစ်ခု သုံးခုကိုပေါင်းပြီးတော့ ပြောနိုင်တာကဘာလဲဆိုလို့ရှိရင်တော့ ဆင်ခြေပေးပြောမယ်ဆိုရင်တော့ ဒါတွေအကုန်လုံးကို ကျောက်ချောလမ်းကနေ ကွန်ကရစ်လမ်းခင်းခိုင်းတာ အကြောင်းကိစ္စတစ်ခုပဲလို့ ဒီလိုပြောနိုင်တယ်။ ဒီလိုတော့ သုံးသပ်လို့မရဘူး။ တစ်မြို့နယ်လုံးမှာရှိတဲ့ လမ်းတွေအကုန်လုံးဖော်ပြပြီးတော့ ကျောက်ချောလမ်းက ကွန်ကရစ်ခင်းတာတစ်ခုတည်းကို ဦးတည်ပြီး ဒါအကြောင်းကိစ္စတစ်ခုတည်းပြောလို့မရဘူး။ ဒါ ဘာသာရပ်တစ်ခုကို ပြောနေတာမဟုတ်ဘူး။ အကြောင်းကိစ္စတစ်ခုပါ။ ဒါကြောင့်မို့လို့ နောက်ကို မေးခွန်းမေးတဲ့အခါမှာ ကျွန်တော်တို့တွေ အကြောင်းကိစ္စတစ်ရပ်ကိုပဲ သေသေချာချာ တိတိကျကျ ရှင်းရှင်းလင်းလင်း ရေရေရာရာဖြစ်အောင် ကျွန်တော်တို့ ကိုယ်စားလှယ်များမေးပေးစေချင်တယ်။ ဒါက ခဏခဏ မေးခွန်းတင်လာတဲ့အခါမှာ ကြုံတွေ့နေရတယ်။ ဒီနေ့လည်း နောက်နေ့အတွက် မေးခွန်းတစ်ခုမှာကြုံတွေ့နေလို့ ဒီနေ့လည်း ဒါ အောက်မှာ တာဝန်ရှိသူ လွှတ်တော်ရဲ့ဝန်ထမ်းအကြီးအကဲတွေနဲ့ ညှိနှိုင်းနေရတယ်။ အဲဒီလို မဖြစ်စေချင်ဘူး။ ကျွန်တော်တို့ဟာ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေကို ကျေညက်အောင်ဖတ်ပါ။ အဲဒါကိုတော့ လေးစားလိုက်နာဖို့လိုတယ်။ အဲတော့ ဒီမှာက နည်းဥပဒေ ၁၄၁ နည်းဥပဒေခွဲ(ဃ)မှာ ကိစ္စတစ်စုံတစ်ခုကိုသိလို၍ စုံစမ်းမေးမြန်းသောမေးခွန်း ဖြစ်ရမယ်။ တစ်ခုပဲ။ အဲဒါလေးတွေကိုတော့ ကျွန်တော်တို့ ဂရုပြုစေချင်တယ်။ ဒါကို အခု ဒီမှာ အလျဉ်းသင့်လို့ ကျွန်တော်ထပ်ပြီးတော့ ကိုယ်စားလှယ်များအားလုံးကို အသိပေးထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး တတိယနေ့တွင် တင်သွင်းတဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ တနင်္သာရီမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း(တနင်္သာရီမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော်မေးခဲ့တဲ့မေးခွန်းတစ်ခုပါ။ ကတိဖြစ်ပြီးတော့ အကောင်အထည်မဖော်တာကို ထောက်ပြပြီးတော့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်ဟာ ပထမပုံမှန်အစည်းအဝေး မေလ ၂၅ ရက်နေ့မှာ တနင်္သာရီမြို့နယ်ရဲ့ အကျိုးမရှိဖြစ်နေတဲ့ ဝက်တိုးစိုက်ကွင်းနဲ့ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့ပါတယ်။ အဲဒီအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြေဧက ၄၀၀၀ ထဲက ၁၂၀၀ ကိုပဲ နိုင်ငံပိုင်အဖြစ် ဆက်လက်ထားရှိပြီး ကျန် ၂၅၂၆ ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ရဲ့ကြီးကြပ်မှုနဲ့ ဒေသခံတောင်သူများတရားဝင်လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကြန့်ကြာနေတာနဲ့ ဝန်ကြီးဌာနကို ကျွန်တော် စာတင်လိုက်ပါတယ်။ နောက်တော့ ရွှေဘိုခရိုင် လယ်ယာမြေစာရင်းဦးစီးဌာနက စာတစ်စောင်ဝင်လာပါတယ်။ ဝက်တိုးစိုက်ကွင်းနဲ့ပတ်သက်ပြီး ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)ပေးအပ်မယ့် တောင်သူအမည်များနှင့် မြေဧကများကို ပြုစုထားဖို့၊ လယ်ယာမြေပြန်လည်ပေးအပ်နိုင်ရေးအတွက် အခမ်းအနားကျင်းပနိုင်မယ့် နေ့ရက်၊ အချိန်၊ နေရာတို့ကို စီစဉ်ဆောင်ရွက်နိုင်ရန် ညွှန်ကြားလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စိစစ်ဖော်ထုတ်တဲ့အခါမှာ လယ်ယာမြေ ၇၅၀ ဧကများကို မူလပိုင်ရှင်နှင့်တကွ ဖော်ထုတ်ရရှိခဲ့ပါတယ်။ အဲဒီစာရင်းကို တင်ပြမယ့်ဆဲဆဲမှာပဲ ဗဟိုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီကနေ စာဝင်လာပါတယ်။ အဲဒါကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီး

တော့ အသုံးမပြု တော့တဲ့အတွက် ပြန်လည်အပ်နှံလာတဲ့ မြေဧက ၂၅၂၆ ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်းနှင့် နိုင်ငံတော်ပိုင်အဖြစ် ထိန်းသိမ်းထားရှိတယ်လို့ပါပါတယ်။ နောက် မကြာမီပဲ ပြည်ထဲရေးဝန်ကြီးဌာနက စာဝင်လာပြန်ပါတယ်။ အဲဒါကတော့ ဒီမြေ ၂၅၂၆ ဧကကို နိုင်ငံတော်ပိုင် (State Land) အဖြစ် သတ်မှတ်လိုက်တာဖြစ်ပါတယ်။ မှန်ပါတယ်။ မူလပိုင်ရှင်ကို ပြန်ပေးတဲ့အခါမှာ ဝန်ကြီးဌာနမှ နိုင်ငံတော်၊ နိုင်ငံတော်မှ မူလပိုင်ရှင်ကို ပြန်ပေးရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အခု တစ်နှစ်ကျော်နေပါပြီ။ နိုင်ငံတော်ကို အပ်နှံခွင့်ပြုကြောင်းနှင့် နိုင်ငံပိုင်အဖြစ်သတ်မှတ် ကြောင်းပဲ ပါပါတယ်။ ပြန်ပေးဖို့ မပါပါဘူး။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတော်ကိုအပ်ကတည်းက လွှတ်တော်ကတိကဝတ်အတိုင်း လယ်သမားများကို ပြန်ပေးဖို့ တစ်ခါတည်းပါသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဗဟိုလယ်/ပြန်/စစ်ကရော၊ ပြည်ထဲရေးဝန်ကြီး ဌာနကရော မူလပိုင်ရှင်လယ်သမားများကို ပြန်ပေးရမယ်ဆိုတဲ့ လွှတ်တော်ကတိကဝတ်ကို သိထားရဲ့ လား။ စဉ်းစားစရာလေးတွေပါ။ နောက်ပြီးတော့ ပြန်ပေးဖို့လည်း ဘာမှအရှုပ်အထွေးမရှိဘူး။ ဘာမှလည်း စိုက်မထားဘူး။ ဘာကြောင့်ပြန်ပေးဖို့ ကြန့်ကြာနေတာလဲ။ ဒါတွေဟာ စဉ်းစားရမယ့် အချက်တွေပါ။ ဒါနဲ့ပတ်သက်လို့ ဗဟို လယ်/ပြန်/စစ်ကိုတော့ စာတင်ထားပါတယ်။

ကျွန်တော့်အနေနဲ့ အစိုးရ၏အာမခံချက်များ၊ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ ကို အကြံပြုချင်ပါတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် အစည်းအဝေးမှာ ကတိဖြစ်ခဲ့ တဲ့မေးခွန်း ၄၀၂ ခုမှာ ၈၉ ခုပဲ အကောင်အထည်ဖော်နိုင်ပြီးတော့ ၃၁၃ ခုကတော့ ဆောင်ရွက်ဆဲလို့ ဖော်ပြထားပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၂၂ ရာခိုင်နှုန်းခန့်ပဲရှိပါတယ်။ ဒါကို ကျွန်တော် နည်းတယ်၊ များတယ်လို့တော့ မဝေဖန်လိုပါဘူး။ ဒါပေမဲ့ အကြောင်းပြချက်မခိုင်လုံဘဲနဲ့၊ ဘာမှမလုပ်ဘဲနဲ့ ဝန်ကြီး ဌာနကနေပြီးတော့ ဆောင်ရွက်ဆဲလို့ ဖော်ပြထားတာကိုတော့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေနဲ့ သေချာစိစစ်သင့်တယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်။ ဆောင်ရွက်သင့်တဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ဆဲလို့ဖော်ပြထားတာကိုလည်း ဘာကြောင့် ဆောင်ရွက်ဆဲဆိုတာကို ဝန်ကြီးဌာနက ကော်မတီ၊ ကော်မတီကနေပြီးတော့ မေးခွန်းရှင်ကိုလည်း ပြန်လည်အကြောင်းကြားပေးပို့သင့်တယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်။ နောက်တစ်ခါ ဝန်ကြီး ဌာနကလည်း ဝန်ကြီးဌာနချင်းချိတ်ဆက်မှုအားနည်းတယ်။ ဝန်ကြီးဌာနနှင့် ရုံးအဖွဲ့ချိတ်ဆက်မှု အားနည်းတယ်လို့ ကော်မတီက အစီရင်ခံထားပါတယ်။ ဒါပေမဲ့ ချိတ်ဆက်မှုအားနည်းတာကို ဘယ်လို လုပ်မယ်လို့ အစီရင်ခံတင်ပြထားခြင်းမရှိပါဘူး။ ဒါကိုလည်း နောက်အစီရင်ခံစာတွေမှာတော့ အဲဒီ

**မူကြမ်း**

အားနည်းတဲ့အကြောင်းတွေကို ဘယ်လိုလုပ်မယ်ဆိုတာကိုတော့ အစီရင်ခံဖို့ ကျွန်တော်အကြံပြုချင်ပါတယ်။ နောက်တစ်ခု ပြည်ထောင်စုအဖွဲ့ဝင် ဝန်ကြီးများအနေနဲ့ ဝန်ကြီးဌာနအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိမှသာ လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေမယ်လို့ သုံးသပ်ထားတဲ့အတွက် ကော်မတီပြောချင်တာကတော့ တာဝန်ခံမှု၊ တာဝန်ယူမှု အားနည်းတယ်လို့ ဆိုချင်ပါတယ်။ ဒါပေမဲ့ တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်ရှိအောင် ဘယ်လိုလုပ်မယ်ဆိုတာ ကျွန်တော်တို့ အစီရင်ခံထားခြင်းမရှိပါဘူး။ ဒါတွေလည်း အစီရင်ခံစေချင်ပါတယ်။ နောက်တစ်ခါ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများလာရောက်တယ်လို့ပြောပါတယ်။ မည်သည့်အဆင့်အဖွဲ့အစည်းလာရောက်တယ်လို့ မရှိပါဘူး။ အရေးကြီးတဲ့မေးခွန်းတွေ သို့မဟုတ် အကောင်အထည်ဖော်ရမယ့်မေးခွန်းတွေ မပေါ်ဘူးဆိုရင်တော့ တာဝန်ယူတာဝန်ခံဖြေရှင်းမယ့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့်တွေကို ကော်မတီကို ဖိတ်ကြားသင့်တယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ကျွန်တော်ရဲ့ ဝက်တိုးစိုက်ကွင်းနဲ့ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးလည်း ရောက်နေပါတယ်။ ဗဟိုလယ်/ပြုန်/စစ်မှာလည်းပါတဲ့အတွက် ဒါလေးကို ကျွန်တော် ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရ၏အာမခံချက်များ၊ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာအပေါ်မှာ အပြုသဘောနဲ့ အကြံပေးဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ကို အကျိုးပြုဖို့အတွက် မဲဆန္ဒနယ်ကို ဆင်းပြီးတော့၊ ပြည်သူများနဲ့ ထိတွေ့ပြီးတော့ ကတိတစ်ခုရအောင်ဆိုပြီးတော့ အချက်အလက်တွေရှာဖွေ စုဆောင်း၊ အချိန်တွေပေးပြီးတော့ မေးခွန်းတွေ၊ အဆိုတွေကို တင်ကြရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကြိုးစားသလောက် အောင်မြင်မှုရခဲ့တာတော့မဟုတ်ပါဘူး။ မေးခွန်းတွေ၊ အဆိုတွေ ကတိဖြစ်မလာတဲ့အခါများမှာ ကျွန်တော်တို့က ပြည်သူတွေကို မျက်နှာပူရပါတယ်။ ကိုယ့်ကိုယ်ကိုလည်း တာဝန်မကျေသလို ခံစားရပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ပြည်သူ့ကိုယ်စားလှယ်များဟာ အစိုးရထက် အောက်ခြေပြည်သူများရဲ့

ဘဝကို အသေးစိတ်သိနေလို့ပဲဖြစ်ပါတယ်။ အစီရင်ခံစာပါဖော်ပြချက်အရ ပုံမှန်အစည်းအဝေး သုံးကြိမ်မှာ မေးခွန်းပေါင်း ၁၂၉၃ စောင်မှာ ၄၀၂ စောင်ပဲ ကတိဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ထို့အတူ အဆို ၂၉ ခုမှာ ၁၀ ခုသာပဲ အတည်ဖြစ်ခဲ့ပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ကတိတစ်ခုရဖို့ရာ ဘယ်လောက်ထိခက်ခဲတယ်ဆိုတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တစ်ခုစဉ်းစားမိတာက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေနဲ့ ဝန်ကြီးတွေရဲ့ အဖြေအပေါ်မှာ ကတိဖြစ်/မဖြစ် ဘယ်လိုသတ်မှတ်ခဲ့ကြသလဲဆိုတာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေအနေနဲ့ မေးခွန်းတွေကိုဖြေတဲ့အခါမှာ ကတိအတိုင်းဖြစ်မလာမှာစိုးလို့ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရ စတဲ့အမှားခံ စာပိတ်လေးတွေကို ထည့်သွင်းပြီးတော့ ဖြေနေတာကို တွေ့ရပါတယ်။ ဒါဖြင့်ရင် ဒါဟာတွေ ကတိမဟုတ်ဘူးလားဆိုတော့ ကျွန်တော့်အမြင်က အမှန်က ဒါတွေဟာ တစ်ဝက်တစ်ပျက်ကတိတွေဖြစ်ပါတယ်။ လွှတ်တော်ပိုင်းနဲ့ ဝန်ကြီးဌာနတို့ညှိနှိုင်းပြီးတော့ လွှတ်တော် ကတိတွေကို အသုံးစရိတ်ထဲမှာ ဦးစားပေးလျာထားထည့်သွင်းမယ်။ လွှတ်တော်ကလည်းထည့်မတွက်ဘူး။ အတည်ပြုပေးမယ်ဆိုရင် ဒီအမှားခံစာပိတ်လေးတွေအနေနဲ့ တစ်ဝက်တစ်ပျက်ကတိကနေပြီးတော့ ကတိစာရင်းမှာ ပါဝင်လာနိုင်တယ်လို့ မြင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခါတစ်ရံမှာ မေးခွန်းတွေကို လာဖြေတဲ့ဝန်ကြီးဌာနတွေအနေနဲ့ မိမိလုပ်ပိုင်ခွင့်မရှိဘဲ မိမိနဲ့မဆိုင်တဲ့မေးခွန်းတွေကို လာဖြေတဲ့အတွက် ကတိမရလိုက်တာမျိုးလည်း ရှိပါတယ်။ ဥပမာ-မနေ့က ပုံမှန်အစည်းအဝေးမှာ ကျိုက်မရောကိုယ်စားလှယ်ရဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းက ပန်းခြံထဲက စက်သုံးဆီအရောင်းဆိုင်ကို ဖယ်ရှားပေးဖို့ဖြစ်ပါတယ်။ မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုဖြစ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကပဲဖြစ်ဖြစ်၊ ပြည်ထဲရေး ဝန်ကြီးဌာနကပဲဖြစ်ဖြစ် လာဖြေသင့်ပါတယ်။ ဒါပေမဲ့ တိုက်ရိုက်မသက်ဆိုင်တဲ့ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနက လာဖြေတော့ ကတိမရလိုက်တော့ပါဘူး။ ဒီလိုပါပဲ ဒုတိယပုံမှန်အစည်းအဝေးမှာ တောင်သူလယ်သမားနေ့ကို မတ်လ ၂ ရက်နေ့အစား ဆရာစံ လယ်သမားနေ့၊ အရေးတော်ပုံ အထင်ကရတစ်နေ့ကို ပြောင်းလဲသတ်မှတ်ပေးဖို့မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလာဖြေတော့ သူ့လုပ်ပိုင်ခွင့်မဟုတ်လို့ တိကျတဲ့အဖြေကို မပေးနိုင်ပါဘူး။ ဒီလိုမိမိဝန်ကြီးဌာနရဲ့ တိုက်ရိုက်မသက်ဆိုင်တဲ့မေးခွန်းတွေကို ရေလိုက်လွဲပြီးတော့ ဖြေကြားနေကြမယ်ဆိုရင် ကတိဖြစ်မလာနိုင်ပါဘူး။ ဒါကြောင့် မေးခွန်းတွေအပေါ်မှာ လုပ်ပိုင်ခွင့်ရှိတဲ့ ဝန်ကြီးဌာနတွေက လာဖြေဖို့၊ ကော်မတီရဲ့အစီရင်ခံစာမှာ ဖော်ပြသင့်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်က တစ်နိုင်ငံလုံးနဲ့သက်ဆိုင်တဲ့ ပြည်သူ့လွှတ်တော်ရဲ့ မေးခွန်းတွေကို ဝန်ကြီးဌာနက လာဖြေတဲ့အခါမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရရဲ့ စီမံကိန်းရေးဆွဲပြီးတော့ တင်ပြလာပါက ဆောင်ရွက်ပေးမယ်ဆိုတာမျိုး ဖြေကြားတာတွေတွေ့ရှိရပါတယ်။ ဒီနေ့လည်း တွေ့ရှိပါတယ်။ ဒါဟာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်သူကို ကိုယ်စားပြုမှုကို လျော့ကျစေပါတယ်။ ဒါနဲ့ပတ်သက်လို့ ၂-၁-၂၀၁၇ ရက်နေ့က ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ နတ်တလင်း ကိုယ်စားလှယ် ဦးခင်အေးရဲ့မေးခွန်းကို ဝန်ကြီးက ပေးနိုင်/မပေးနိုင်မဖြေဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာမေးရင် ပိုကောင်းမယ်လို့ပြောခဲ့ပါတယ်။ ဒီလိုဖြေကြားချက်အပေါ်မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက လွှတ်တော်ကိုယ်စားလှယ်များဟာ သက်ဆိုင်ရာမဲဆန္ဒနယ်ကို ကိုယ်စားပြုကြောင်း၊ ပြည်သူရဲ့လိုအပ်ချက်တွေကို မေးမှာဖြစ်ကြောင်း၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေမှာလည်း ပေးထားတဲ့အခွင့်အရေးဖြစ်ကြောင်း၊ ဝန်ကြီးဖြေသလို အခြားဝန်ကြီးဌာနတွေက ဖြေကြားလာပါက လွှတ်တော်ဆိုတာ ထားစရာတောင်မလိုတော့ကြောင်း၊ ဒါကို လုံးဝလက်မခံကြောင်း သတိပေးခဲ့ပါတယ်။ ဒီအတွက် ဥက္ကဋ္ဌကြီးကို အများကြီးကျေးဇူးတင်ပါတယ်။ ဝန်ကြီးဌာနများအနေနဲ့ ရှင်းရှင်းလင်းလင်းဖြေကြားခြင်းမရှိတဲ့အခါမျိုးမှာ မေးခွန်းရှင်ကိုယ်တိုင်က ကတိဖြစ်/မဖြစ် မသိနိုင်တဲ့အခြေအနေမျိုးကို ကြုံတွေ့ရပါတယ်။ ဒီလိုအဖြေမျိုးကို ကတိဖြစ်/မဖြစ် ကော်မတီအနေနဲ့ ဝန်ကြီးဌာနနဲ့ ညှိနှိုင်းအဖြေရယူသင့်ပါတယ်။ ပုံမှန်အစည်းအဝေးတစ်ကြိမ် ကျင်းပတိုင်း ကတိမည်မျှဖြစ်ခဲ့ကြောင်း၊ မည်သည့်ကိုယ်စားလှယ်ရဲ့ မည်သည့်မေးခွန်းက ကတိဖြစ်ကြောင်း၊ ကတိအတိုင်းဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ စောင့်ကြည့်ရန်သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးအကြောင်းကြားသင့်ပါတယ်။ သို့မှသာ အစီရင်ခံစာအပိုဒ် ၁၂ ကို အထောက်အကူပြုရာရောက်ပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာအပိုဒ် ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၁၄၊ ၁၅ အပိုဒ်တွေဟာ သုံးသပ်ချက်၊ အကြံပြုချက်တွေ၊ ဝန်ကြီးဌာနများကိုသာ ရည်ညွှန်းတာဖြစ်ပါတယ်။ ဝန်ကြီးဌာနအား သိရှိနိုင်အောင် အစီရင်ခံစာကို မိတ္တူဖြန့်ဝေလို့ပဲဖြစ်ဖြစ်၊ သီးသန့်အကြောင်းကြားစာပေးလို့ပဲဖြစ်ဖြစ် ပို့ပေးသင့်ကြောင်းအကြံပြုအပ်ပါတယ်။ မေးခွန်းတချို့ဟာဆိုလို့ရှိရင် အကြိမ်တစ်ကြိမ်ကနေ တစ်ကြိမ်ကို ရွှေ့ပြောင်းခံရတာတွေ အများကြီးရှိပါတယ်။ ဝန်ကြီးတွေလာမဖြေတဲ့အတွက် ဒီလိုအရွှေ့အပြောင်းခံရတာနဲ့ပတ်သက်ပြီးတော့လည်း ကတိမဖြစ်ရတဲ့အရေးအတွက်မှာ မပါခဲ့တာ အများကြီးရှိပါတယ်။ ဒီကိစ္စကိုတော့ လွှတ်တော်အခွင့်အရေးကော်မတီအစီရင်ခံစာမှာ ကျွန်တော် ဆက်ပြီးဆွေးနွေးပါမယ်။

**မှူးကြမ်း**

အချုပ်အားဖြင့်တော့ ကတိကဝတ်တွေနဲ့ဝေဝါးနေတဲ့၊ အားနည်းတဲ့အဖြစ်တွေကို ဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီးတော့ ကော်မတီဟာ ကတိရအောင်၊ ကတိဖြစ်အောင် ကြိုးစားသင့်ပါတယ်။ ကတိဖြစ်ပြီး ကတိတွေကို ဘတ်ဂျက်ထဲမှာပါလား/မပါလား။ မြေပြင်မှာလုပ်/မလုပ်။ ပြီး/မပြီး။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကို ပူးပေါင်းစောင့်ကြည့်ရပါမယ်။ လွှတ်တော်ရဲ့အသက် ဝိညာဉ်ပမာဖြစ်တဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ စွမ်းဆောင်ရည်မြင့်မားခြင်းဟာ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို ဖော်ဆောင်ပေးနေပါတယ်။ ဒါကြောင့် ကော်မတီရဲ့နောင်လာမယ့် အစီရင်ခံစာများမှာ ဒီထက်ပြည့်စုံ ကောင်းမွန်ထိရောက်တဲ့အစီရင်ခံစာမျိုးဖြစ်အောင် ကြိုးစားပေးဖို့ အစီရင်ခံစာအပေါ်မှာ အကြံပြုသဘောနဲ့ ဆွေးနွေးတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအစီရင်ခံစာနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးနိုင်(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဝင်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ

တတိယပုံမှန်အစည်းအဝေးအထိ အတည်ပြုခဲ့သည့် အဆိုများနှင့် ရှင်းလင်းချက်များ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများကိုစိစစ်၍ သုံးသပ်ချက်များ၊ အကြံပြုချက်များပါရှိသည့် ကော်မတီ၏အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်သော ၂၂-၅-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ အစီရင်ခံစာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ၂၂-၅-၂၀၁၇ ရက်နေ့မှ ၂၄-၅-၂၀၁၇ ရက်နေ့အထိ အဆိုပါအစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို တင်သွင်းနိုင်ကြောင်းကြေညာခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမှ ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခဲ့ပါတယ်။ ထိုကဲ့သို့ ကော်မတီအစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုချက်များကို ကော်မတီမှ မှတ်တမ်းတင်ထားရှိမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အပိုဒ်ခွဲ(ဃ)နှင့်အညီ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာ အမှတ်(၁/၂၀၁၇)ကို ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံ၍ အတည်ပြုပေးပါရန် လေးစားစွာအဆို တင်သွင်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကတင်သွင်းတဲ့ တာတမံဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပထမနေ့ (၁၈-၅-၂၀၁၇ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား ရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၅-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည် စာရင်းပေးသွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ် ခြောက်ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါ တယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက် ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီရဲ့ပြင်ဆင်ချက် (၃၉) ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ တာတမံဥပဒေနဲ့စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာတဲ့ တာတမံဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်တဲ့ ၁၈-၅-၂၀၁၇ ရက်(ကြာသပတေးနေ့)မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိချက် အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၂၂-၅-၂၀၁၇ ရက်(တနင်္လာနေ့) နောက်ဆုံးထားပြီးတော့ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)၊ ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)၊ ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)၊ ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)၊ ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)၊ ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ပြင်ဆင်ချက်အဆိုကိုတင်သွင်းသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၆-၅-၂၀၁၇ ရက်(သောကြာနေ့)မှာ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၃၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် (၃၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ အစီရင်ခံစာကို ဥပဒေကြမ်းတွေ ဆုံးဖြတ်ဖို့တင်တဲ့အခါမှာ တစ်ခုသတိထားပေးပါ။ အပိုဒ် ၃ လိုဟာမျိုး၊ အပိုဒ် ၃ လိုဟာမျိုးမှာ အဖွဲ့အစည်းတွေကို ရေးတဲ့အခါမှာ ပြည်ထောင်စုအင်္ဂါစဉ်မှန်အောင်ရေးပေးပါ။ ဒါကိုအထူးဂရုပြုပေးပါ။ အပိုဒ် ၃ သေချာပြန်ကြည့်ပါ။ နောင်ရေးတဲ့အခါမှာ ပြည်ထောင်စုအင်္ဂါစဉ်မှန်အောင်ရေးပေးပါ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မိမိဝန်ကြီးဌာနအနေနဲ့ ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် (၃၉) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၃၉)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်တို့က ပြင်ဆင်ချက်တစ်ချက်ကို တင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ယခု စတင်ဆောင်ရွက်ပါ့မယ်။ အပိုဒ်(၂၈)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါ။ တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ရန်တင်ပြချက်များအနက် သဘောထားကွဲလွဲချက် (၁)ချက်ရှိပါတယ်။ အဲဒီ(၁)ချက်ကတော့ ဥပဒေကြမ်းကော်မတီနဲ့ ဦးခင်မောင်လတ်၊ မြန်အောင်မဲဆန္ဒနယ်တို့ဖြစ်ပါတယ်။ စာမျက်နှာ(၁၄) အမှတ်စဉ် ၃၈ အပိုဒ် ၂၈ ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အထက်ဖော်ပြပါ ပြင်ဆင်ရန်တင်ပြချက် (၁)ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အပိုဒ် ၂၈ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်လတ်(မာန်အောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာတမံဥပဒေကြမ်းမှာ အခန်း(၇) ပြစ်မှုနှင့်ပြစ်ဒဏ်များ အပိုဒ်(၂၈) ဥပဒေကြမ်းကော်မတီမှ တင်ပြထားတာရှိပါတယ်။ မည်သူမဆို ပုဒ်မ ၂၁၊ ၂၅ နှင့် ၂၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၂ နှစ်အထိ ချမှတ်ရ မည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်လို့ အဆိုပြုတင်ပြထားတာရှိပါတယ်။ ဒီနေရာမှာ ဒီတင်ပြချက် ထဲမှာ ပုဒ်မ ၂၁၊ ၂၂၊ ၂၅ နှင့် ၂၇ တို့အား လက်ရောက်ကျူးလွန်တဲ့ဆောင်ရွက်ခြင်းများဖြစ်တဲ့အတွက် အရေးယူဆောင်ရွက်ရန်အခက်အခဲမရှိသော်လည်းပဲ ပုဒ်မ ၂၂ မှာ မည်သူမျှ တာတမံပေါ်တွင်လည်းကောင်း၊ တာတမံနယ်နိမိတ်အတွင်းတွင်လည်းကောင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးမွေးမြူခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် စက်ယန္တရားများထားရှိအသုံးပြုခြင်းမပြုရလို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီပုဒ်မနှင့်ပတ်သက်လို့ ဆွေးနွေးစရာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျိုးကြောင်းဖော်ပြချက်ကတော့ တာတမံကြီးများရဲ့ တကယ့်ပကတိတည်ရှိနေတဲ့အနေအထားကို ကြည့်ရင် ဥပမာ-ဧရာဝတီတာ၊ နောက် ငဝန်တာတမံကြီးများဟာ မြို့နယ်ရပ်ကွက်များ၊ ကျေးလက်တောရွာများကို ဖြတ်သန်းသွားရတာ ရှိပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့မြို့နယ်အတွင်းမှာဆိုရင် ဧရာဝတီတာဟာ မိုင် ၂၀ လောက်ဖြတ်သန်းပြီးတော့ ကျေးရွာပေါင်း ၂၀ ခန့်ကို ဖြတ်ကျော်သွားပါ တယ်။ အိမ်ခြေ ၁၀၀၀ ကျော်။ နောက်ဈေးဆိုင် ၂၄၀ ခန့်။ နောက်ရပ်ကွက်အတွင်းနဲ့ မြို့ပေါ်မှာဆို လည်း ရပ်ကွက်အတွင်းမှာ အိမ်ခြေ ၅၀၀ ကျော်။ ဈေးဆိုင် ၈၀ ကျော် စသည်ဖြင့် နယ်နိမိတ်အတွင်းမှာ ကျရောက်နေတာရှိပါတယ်။ ဟသ်ာတမှာဆိုရင်လည်းပဲ ဟသ်ာတဈေးများအတွင်းမှာ ဖြတ်သန်းသွားရတာရှိပါတယ်။ လေးမျက်နှာ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ သာပေါင်းမြို့နယ်များမှာ စသည်တို့မှာ တာတမံရဲ့ ကျူးကျော်ရပ်ကွက်အိမ်ခြေများအဖြစ် တည်ရှိနေတာ ဖြစ်ပါတယ်။ အခြားဖြေရှင်းရန် အသင့်အနေအထား စီမံဆောင်ရွက်မှုနည်းလမ်းများနှင့် ပေါင်းစပ်မှုတစ္စာ ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ဥပဒေကိုဖော်ဆောင်မည့်အဖွဲ့အစည်းများ အားနည်းခဲ့တာကြောင့် တဖြည်းဖြည်းဥပဒေကို လွန်ပြီး ထုထည်ကြီးမားလာခြင်းဖြစ်ပါတယ်။ ဥပဒေရဲ့အားနည်းချက်မဟုတ်ပါ။ ထောင်ဒဏ်၊ ငွေဒဏ်များကိုတိုးမြှင့်သတ်မှတ်ပြီး မဖြစ်မနေအနည်းဆုံးထောင်ဒဏ်ခြောက်လချမှတ်ရ မည်ဆိုတဲ့ ပြဋ္ဌာန်းချက်

ဟာ မသင့်ပါကြောင်း ပြဋ္ဌာန်းခဲ့လျှင် ဥပဒေအရ ဆုတ်သာမရှိတဲ့ လမ်းကြောင်း ပေါ်မှာရောက်ပြီးတော့ ဒုက္ခသည်အစုအဖွဲ့ရဲ့ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရမှာဖြစ်တဲ့အတွက် သို့ပါ၍ ပြစ်မှုထင်ရှား အစီရင်ခံရလျှင် မည်သူမဆို ပုဒ်မ ၂၁၊ ၂၂၊ ၂၅ နှင့် ၂၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ ကျပ်နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းသင့်ပါကြောင်း ရိုသေစွာအဆိုပြုတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မိမိတို့ရဲ့တင်သွင်းလိုက်တဲ့ ဒီတာတမံဥပဒေကြမ်းနှင့်ပတ်သက်လို့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်မှာ ထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၂ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်လို့ပါရှိပြီး ဦးခင်မောင်လတ်အနေနဲ့ ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ ကျပ်နှစ်သိန်းအထိ ငွေဒဏ် ဖြစ်စေ ချမှတ်နိုင်သည်လို့ အဆိုပြုထားပါတယ်။ မိမိအနေနဲ့ကတော့ ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၂ နှစ်အထိ ချမှတ်ရမည်ဆိုတဲ့အဆိုသည် ပြစ်မှုကျူးလွန်တဲ့သူရဲ့ အတိမ်အနက်ကို မူတည်ပြီးတော့ ချတဲ့ပြစ်ဒဏ်ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ လှုပ်သာရှားသာရှိတဲ့ အနေအထားလေး ကိုတွေ့ရတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို ထောက်ခံပါကြောင်း ပြောကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ အပိုဒ် ၂၈ နှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ဦးခင်မောင်လတ်တို့က ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးခင်မောင်လတ်ရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနှင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ထောက်ခံဆန္ဒမဲပေါင်း ၂၉၃ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၆၃ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၂၈ သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်းရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ဥပဒေကြမ်းကော်မတီရော၊ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်ရော၊ သက်ဆိုင်ရာဝန်ကြီးဌာနရော ထားတဲ့စေတနာနှင့် ရည်ရွယ်ချက်ကောင်းပါတယ်။ ဒီဥပဒေရေးထုံးနှင့်ပတ်သက်လို့လည်း နှစ်ဖက်စလုံးက မှန်ကန်မှုရှိပါတယ်။ ဒီနေရာမှာ ခုနက ရည်ရွယ်ချက်က ပြင်ဆင်တဲ့ ဥပဒေကြမ်းအဆိုတင်တဲ့ ဦးခင်မောင်လတ်ကလည်း စုပ်သာတတ်သာရှိအောင် ထို့အတူပဲ ပြည်ထောင်စုဝန်ကြီးဌာနဘက်ကလည်း စုပ်သာတတ်သာရှိအောင်ဆိုပြီးတော့ ဒါရည်ရွယ်ချက်နဲ့ ပြောသွားတာရှိပါတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့ ဒီမှာ ကျွန်တော်စောစောက ကြို့မပြောပါဘူး။ အခုတော့ ဒီဥပဒေကြမ်းက ဒီဟာပြီးရင် အမျိုးသားဘက်ရောက်မယ်။ ပူးပေါင်းရောက်မယ်။ ဒါလေးကို စဉ်းစားဖို့ ကျွန်တော်ပြောတာပါ။ ဘာဖြစ်လို့လဲ တာတမံတွေဆိုတာ မြို့ပေါ်ဧရိယာနည်းတယ်။ အရှည်အလျားကိုကြည့်ရင် ကျေးရွာဧရိယာများတယ်။ အဲဒီအခါကျတော့ ကျေးရွာသူကျေးရွာသားက အခုနကပြောသလို ဒီထဲမှာသတ်မှတ်ချက်တွေ ကတုတ်ကျင်းတို့၊ တွင်းပေါက်တို့ စသည်ဖြင့် လုပ်မှားကိုင်မှားရှိရင် အနည်းဆုံး ခြောက်လဆိုတာ ဒီလိုသတ်မှတ်ထားမယ်ဆိုရင် သူလုပ်တဲ့ရည်ရွယ်ချက်က တကယ်ပျက်စီးစေချင်လို့လား။ Cause and Affect က မတူဘူး။ Cause က တကယ်ထိခိုက်နစ်နာတယ်ဆိုရင်တော့ အနည်းဆုံး ခြောက်လ အကြောင်းမဟုတ်ဘူး။ တွင်းပေါက်တွေ၊ ဂယ်ပေါက်တွေ ထိခိုက်မိလို့ရှိရင် အနည်းဆုံး ခြောက်လဆိုရင် ကျေးရွာက ပြည်သူလူထုအတွက်က များစွာနစ်နာတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဒီနေရာမှာ ပြောချင်တာက ရည်ရွယ်ချက်နှစ်ဖက်စလုံးတူတယ်။ ဥပဒေရေးထုံးလည်းမှန်တယ်။ သို့သော် ဒီနေရာလေးမှာ မျှခြေကိုကြည့်ဖို့တော့လိုတယ်။ နှစ်ဖက်စလုံးက အနည်းဆုံးခြောက်လမပါဘဲနဲ့ ထိုသူကို ထောင်ဒဏ်နှစ်နှစ်အထိဆိုရင် တရားသူကြီးက သူလုပ်တဲ့ ကျူးလွန်တဲ့အပေါ်မှာ ရည်ရွယ်ချက်နဲ့ Cause အပေါ်မှာ တစ်ရက်ပဲချချ၊ ခုနစ်ရက်ပဲချချ၊ တစ်လပဲချချ၊ သုံးလပဲချချ၊ နှစ်နှစ်ထိပဲချချ လုပ်လို့ရပါတယ်။ ဒါလေးကို စဉ်းစားပေးစေချင်ပါတယ်။ အနည်းဆုံး ခြောက်လဆိုတော့ တစ်ခုခုလေး ကျေးရွာသူကျေးရွာသားတွေ ခြေချော်လက်ချော်ဖြစ်သွားရင် အနည်းဆုံးက ခြောက်လကို ခြားရပါမယ်။ အဲဒီတော့ များများလုပ်တဲ့သူကသာ တစ်နှစ်၊ နည်းနည်းလေးဖြစ်သွားတော့

ခြောက်လဆိုတော့ နည်းနည်း ဒီနေရာလေးမှာ အကျိုးသက်ရောက်မှုက Cause and Affect က ဥပဒေမှာ မတူတာလေးကို စဉ်းစားပေးစေချင်တယ်။ ဒီအနည်းဆုံး ခြောက်လမပါသွားလို့လည်း တရားသူကြီးက ဒီပြစ်ဒဏ်မှာ နှစ်နှစ်ထိချမယ်ဆိုရင် မထိခိုက်သွားဘူး။ သူလိုအပ်ရင်လည်း အနည်းဆုံး ခြောက်လချမယ်။ ကိုးလ ချရင်လည်းချမယ်။ တစ်နှစ်ချရင်လည်းချမယ်။ ရုံးတက် ရုံးဆင်း တစ်ရက်ချရင်လည်း ချမယ်။ ခုနစ်ရင်ချရင်လည်း ချမယ်။ တစ်လချရင်လည်း ချမယ်။ သုံးလချရင် လည်းချမယ်။ ဒါက ပိုပြီးတော့ တိုးသာစုပ်သာရှိပြီးတော့ ဒီတာတမံဥပဒေကြီးက တစ်နိုင်ငံလုံးနဲ့ အကျုံးဝင်တယ်။ တစ်နိုင်ငံလုံးနဲ့ပတ်သက်နေတယ်။ ကျေးရွာသူကျေးရွာသားအားလုံး အများစုနဲ့ ပတ်သက်နေတယ်။ မြို့ပေါ်လူတွေနဲ့စာရင် အဲဒီတော့ ကျေးရွာသူကျေးရွာသားဆိုတာ ဒီလို ဥပဒေတွေ လည်းသိတာမဟုတ်ဘူး။ ဗဟုသုတလည်း သိပ်ရှိတာမဟုတ်ဘူးဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ဒါလေးကိုတော့ နောက်အလျဉ်းသင့်လာတဲ့အခါမှာ စဉ်းစားပေးစေချင်တယ်။ ဒါဟာ ကျွန်တော့်အမြင် ကို လွှတ်တော်က အားလုံးသိအောင် ကျွန်တော်ဘက်က တင်ပြတာ။ ဘာဖြစ်လို့လဲဆိုတော့ စောစောက ကြိုမပြောတာက ကြိုပြောရင် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လွတ်လပ်တဲ့ဆန္ဒ၊ လွတ်လပ်စွာ မဲပေးခွင့်၊ လွတ်လပ်စွာဟိုဒင်းဖြစ်ခွင့်ကို ကျွန်တော် Influence ဖြစ်မှာစိုးလို့ ပြောကိုမပြောဘူး။ ဒါကို မဲပေးပြီးပြီ။ နောက်စဉ်းစားပေးဖို့လိုတယ်။ ဒီဥပဒေကြမ်းက အတည်မဖြစ်သေးဘူး။ စဉ်းစားပေးဖို့ လိုတယ်။ အလျဉ်းသင့်တဲ့အခါမှာ ဒါလေးပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက် ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ် များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် တာတမံဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော တာတမံဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်က တင်သွင်းသည့် အဂတိလိုက်စားမှု (လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများ ချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၈-၃-၂၀၁၇ ရက်နေ့တွင် တင်သွင်းတဲ့ အဂတိလိုက်စားမှု (လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများ ချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ်ခြောက်ဦးရှိပါတယ်။ ပထမဦးစွာ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ယနေ့ တင်ပြဆွေးနွေးမှာကတော့ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးရဲ့ အဂတိလိုက်စားမှု(လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှုများ၊ အမိန့်၊ ဥပဒေများချမှတ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို

ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်ဟာ အပြုသဘောဆောင်တဲ့တင်ပြဆွေးနွေးတဲ့အဆိုဖြစ်ပါတယ်။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်ဆင့်မှသည် ပြည်ထောင်စုအဆင့်အထိ အချို့သောညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေဟာ မြန်မြန်ဆန်ဆန်မရောက်နိုင်သည်ကလည်းပဲ အောက်ခြေဝန်ထမ်းများအတွက် အဆင့်ဆင့်နှင့် ပြည်သူတို့ကြားမှာ ဆက်ဆံရေးမပြေမလည်ဖြစ်ရသည်ကား အဓိကအချက်ပဲဖြစ်ပါတယ်။ အခြားအကြောင်းတစ်ခုကတော့ လာဘ်ပေးလာဘ်ယူမှုဟာ ဒီဆက်ဆံရေးဟာ ရုံးလုပ်ငန်းများကို ထိခိုက်ရသလို အစိုးရသစ်ရဲ့ပုံရိပ်ကိုလည်းအလွန်ထိခိုက်ရပါတယ်။ ဒီလာဘ်ပေးလာဘ်ယူမှုစတဲ့ အဂတိတရားတွေဟာ ပြည်သူ့ဝန်ထမ်းတွေသာမက ပြည်သူများကိုပါပူးပေါင်းတိုက်ဖျက်လာစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြုပြင်လာစေရန် စည်းရုံးလှုံ့ဆော်ဆွေးနွေးခြင်း၊ ဆုပေးဒဏ်ပေးစနစ်တွေကျင့်သုံးခြင်းစတဲ့ ရေတိုရေရှည်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဂတိလိုက်စားမှုလျော့နည်းစေရန်အတွက် ဥပဒေပြဋ္ဌာန်းခြင်း၊ ကော်မတီဖွဲ့ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၃/၂၀၁၃) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီကို ၈-၁-၂၀၁၃ မှာဖွဲ့စည်းပြီးတော့ ၂၀၁၄ ခုနှစ် မတ်လမှာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗန်းရှင်းမှာ (၁၃၇) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ပါတယ်။ သို့သော်လည်းပဲ အမှန်တကယ်လက်တွေ့မှာတော့ အဂတိတရားတွေဟာ သိသာစွာလျော့ပါးမှုမရှိဘဲ အားနည်းနေတာကို အောက်ခြေအဆင့်ဆင့်မှာ တွေ့မြင်ကြားသိနေရပါတယ်။ အဂတိလိုက်စားမှုဖြစ်တဲ့ လာဘ်ပေးလာဘ်ယူလျော့ကျစေရန် အဆိုရှင်တင်ပြသလို တစ်နည်းအားဖြင့် ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေကို အောက်ခြေဝန်ထမ်းအဆင့်ဆင့်ဟာ မြန်ဆန်စွာကျင့်သုံးနိုင်ရေးဟာ ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်နိုင်တဲ့နည်းလမ်းပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် လယ်ယာမြေနှင့် အခြားမြေများပြန်လည်စိစစ်ရေးဗဟိုမှ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လာစေရန် ညွှန်ကြားချက်တွေထုတ်ပြန်ခဲ့ပါတယ်။ သို့သော် တကယ်တမ်းကျတော့ ခရိုင်၊ မြို့နယ်အဆင့်မှာ လွှတ်တော်ကိုယ်စားလှယ်အသီးသီးဟာ ယခုနှစ် ဧပြီလ၊ မေလကျမှ ပါဝင်လာပါတယ်။ အကယ်၍ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ မြန်ဆန်မယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်အဆင့်ဆင့်တွေဟာ တာဝန်

အသီးသီးထမ်းဆောင်မယ်ဆိုရင် တောင်သူလယ်သမားများကို ကူညီရာရောက်ပါမယ်။ ထို့အတူ အခြားပြည်သူတွေ ထိတွေ့ဆက်ဆံရာအများဆုံးဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်း၊ လူဝင်မှုကြီးကြပ်ရေး၊ လျှပ်စစ်၊ စိုက်ပျိုးရေး၊ စည်ပင်သာယာ၊ ပညာရေး၊ ကျန်းမာရေးများအတွက် ညွှန်ကြားချက်တွေဟာ အောက်ခြေအဆင့်ကို လျင်မြန်စွာရောက်ဖို့လိုပါတယ်။ ဒီနေရာမှာ သဘောရိုးနှင့်ဖြစ်စေ ခေတ်မီနည်းစနစ်မရှိဘဲ မကျွမ်းကျင်လို့ ကြန့်ကြာနိုင်သလို မရိုးသားတဲ့နည်းတွေနဲ့တွေနဲ့လည်း ကြန့်ကြာနိုင်တာရှိပါတယ်။ သို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အဂတိလိုက်စားမှုဖြေရှင်းပေးရန် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကို ပြည်သူများသိစေရန် အဂတိလိုက်စားမှုလျော့နည်းစေတဲ့ နည်းလမ်းနောက်တစ်ခုကို ပြည်သူတွေကို သိစေအပ်ပါတယ်။ ဌာနအသီးသီးရဲ့ အဂတိလိုက်စားမှုဟာ ပြည်သူများအတွက် ကြီးမားလှတဲ့ တာဝန်နှင့်ဝန်ထုပ်ဝန်ပိုးကြီးဖြစ်ပြီးတော့ ဆိုးကျိုးကိုသာဖြစ်စေပါတယ်။ မြန်မာနိုင်ငံအတွင်း အဂတိလိုက်စားမှုဟာ အနာဂတ်ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများ တိုးတက်မှုအတွက် အဓိကအတားအဆီးတစ်ရပ်ဖြစ်တယ်လို့ ကမ္ဘာ့ဘဏ်ကလည်းပဲ သုံးသပ်ထားပါတယ်။ မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုလျော့နည်းရေးဆောင်ရွက်ရာမှာ အစိုးရ၊ ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေ ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ဖို့လည်း လိုအပ်နေပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးစနစ်မှာ ဆင့်ကဲဆင့်ကဲ ပုံမှန်ကြီးကြပ်ခြင်း၊ စာရင်းစစ်ခြင်း၊ စာရင်းစစ်တယ်ဆိုတဲ့နေရာမှာ စာရွက်စာတမ်းတွေကိုသာ စစ်ရုံမကဘဲနဲ့ လုပ်ငန်းတွေကိုပါ တိတိကျကျစစ်ဆေးခြင်း၊ ကြိုတင်ခန့်မှန်းခြင်းနှင့် ပညာပေးရေးအစီအစဉ်များ ပါဝင်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရ၊ ဒို့အပြင် အစိုးရဝန်ထမ်းအရာထမ်း၊ အမှုထမ်းတွေရဲ့ ပိုင်ဆိုင်မှုများကိုလည်းပဲ ဖော်ထုတ်ကြေညာတဲ့ဥပဒေများကိုလည်းပဲ ပြဋ္ဌာန်းပေးမယ်ဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟာ အလွန့်အလွန်အထောက်အကူပြုမယ်ဖြစ်ပါကြောင်းနဲ့ အဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဒီအဆိုနှင့်စပ်လျဉ်းပြီး အဆိုရှင်ရဲ့ဆိုလိုရင်းကို ကျွန်တော်တို့ ဆွေးနွေးမယ့်ကိုယ်စားလှယ်တွေ အဆိုရှင်ရဲ့ဆိုလိုရင်းကို မိအောင်ဆွေးနွေးပေးစေချင်တယ်။ ဒီပြင့်ဟာ မဟုတ်ဘူး။ အဂတိလိုက်စားမှုကျဆင်းရေး၊ တိုက်ဖျက်ရေးနဲ့ပတ်သက်လို့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းက အဆိုတင်ခဲ့ပြီးပြီ။ အဆိုတင်ခဲ့ပြီးလို့ ဒီအဆိုကို အတည်ပြုထားတယ်။ ကိုယ်စားလှယ်များအားလုံး မှတ်မိလိမ့်မယ်။ အခုဒီကိစ္စက အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု

မူကြမ်း

ကျဆင်းရန်အတွက်။ ဒါအရှေ့က ကျဆင်းရန်အတွက်ခံထားတာ။ လိုရင်းက အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်စေရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏ မပြောင်းရန်။ အဲဒီအတွက်ကို ထိန်းသိမ်းကြပ်မတ်ပေးရန်။ အဲဒီအဆို။ လိုရင်းက။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ကိုယ်စားလှယ်တွေဆွေးနွေးတဲ့အခါမှာ အဆိုရှင်ရဲ့ဆိုလိုရင်းကို ထိမိအောင်ဆွေးနွေးပေးပါ။

**ဥက္ကဋ္ဌ**။ ။ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင်နိုင်(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်နိုင် ဖြစ်ပါတယ်။ ကလေးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခေါ်)ဒေါ်ရှားမီးရဲ့ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုကျဆင်းရန်အတွက် အစိုးရရုံးများနဲ့ ပြည်သူလူထုဆက်ဆံရေးပြေပြစ်စေရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သောအရေးယူမှု အမိန့်၊ ဥပဒေများချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအဆိုကို ထောက်ခံရတဲ့အကြောင်းအရင်းကတော့ အဆိုရှင်ရဲ့အဆိုကိုလေ့လာကြည့်တဲ့အခါ အစိုးရရုံးများနဲ့ ပြည်သူလူထုကြား ဆက်ဆံရေးပြေပြစ်ကောင်းမွန်စေရန် စေတနာကောင်းဖြင့် အကြံပြုဆွေးနွေးထားတာဖြစ်တဲ့အပြင် ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်တောင့်တနေကြသောအဓိကအချက်တစ်ချက်ဖြစ်သောကြောင့် ဖြစ်ပါတယ်။ အစိုးရရုံးများနှင့် ဝန်ထမ်းများဆိုရာတွင် အားလုံးကိုဆိုလိုခြင်းမဟုတ်ပါ။ အစိုးရသစ်တက်လာပြီးနောက်ပိုင်းမှာ အစိုးရရုံးများနဲ့ဝန်ထမ်းတော်တော်များများဟာ သိသာစွာပြောင်းလဲလာတာကို တွေ့ရပါတယ်။ သို့သော်လည်း မပြောင်းလဲသေးသောရုံးများနဲ့ဝန်ထမ်းများလည်း ရှိနေသေးတာကို တွေ့ရပါတယ်။ ထို့ကြောင့် မပြောင်းလဲသေးသောဌာနများနှင့် မပြောင်းလဲသေးသောဝန်ထမ်းများကို အဓိကထား၍ဆိုလိုခြင်းဖြစ်ပါတယ်။ တချို့ဌာနတွေမှာ မသိနားမလည်သောအရပ်သားပြည်သူများ ရုံးကိုရောက်လာတဲ့အခါ မယဉ်ကျေးသောအပြောအဆိုအပြုအမူများနဲ့ အပေါ်စီးကဆက်ဆံနေတာတွေယခုအချိန်ထိရှိနေသေးတာကို ကြားသိနေရပါတယ်။ ပြည်သူလူထုဆိုသည်မှာ ရုံးဌာနများနှင့်ဆိုင်သော

အသိပညာဗဟုသုတများလွန်စွာအားနည်းတတ်ကြပါတယ်။ ထိုသို့သောအားနည်းချက်များကို အခွင့်ကောင်းယူပြီး မခိုင်လုံသောအကြောင်းပြချက်များနဲ့ ရက်ချိန်းရွှေ့ခြင်း၊ အချိန်ဆွဲခြင်းစသော လုပ်ငန်းခွင်မှုနည်းမျိုးစုံဖြင့် ပညာပြတာကို ခံနေကြရပါတယ်။ ထိုကဲ့သို့သော အကြောင်းများကြောင့် ပြည်သူများက ရုံးဌာနများနှင့် ပြောဆိုဆက်ဆံကြရမှာကို စိတ်ပျက်ကြောက်ရွံ့ခြင်းများ ဖြစ်ပေါ်နေကြတာကိုလည်း တွေ့မြင်နေကြပါတယ်။

အဆိုရှင်ရဲ့အဆိုထဲမှာပါသလို အချို့ပြည်သူများဟာ ရုံးချိန်းများ၊ ဌာနဆိုင်ရာများနဲ့ ဆောင်ရွက်ရမည့်ကိစ္စများမှာ အလုပ်ပျက်ခံပြီးတစ်နေကုန်ရုံးမှာလာစောင့်ရ၊ အချို့ဆိုလျှင် ညအိပ်ခရီးလာရနဲ့ ညနေစောင်းရောက်မှ မအားလို့ဘယ်နေ့လာပါဆိုပြီး တာဝန်မဲ့စွာနဲ့ ရုံးချိန်းပြောင်းတာတွေ၊ ရက်ချိန်းရွှေ့တာတွေကြောင့် ဒုက္ခရောက်ကြတဲ့သူတွေလည်း အများအပြားရှိနေကြပါတယ်။ အချို့ရုံးကိစ္စများမှာ လိုအပ်သည့်စာရွက်စာတမ်း၊ အထောက်အထားပြည့်စုံလို့ အရာရှိလက်မှတ်ထိုးဖို့ပဲကျန်တဲ့ကိစ္စတွေမှာတောင် ခိုင်လုံတဲ့အကြောင်းပြချက်မရှိဘဲ အချိန်ဆွဲခြင်း၊ ရက်ချိန်းရွှေ့ခြင်းတွေလည်း ရှိနေကြပါတယ်။ အချို့ကိစ္စများမှာမလိုအပ်ဘဲ အချိန်တွေကြာမြင့်နေတာတွေ့ရသလို အချို့သောကိစ္စများမှာတော့ အချိန်တိုအတွင်း လျင်မြန်စွာပြီးစီးသွားတာတွေကိုလည်း အံ့ဩဖွယ်တွေ့မြင်နေရပါတယ်။ ရုံးဌာနအချို့မှာ ယနေ့အချိန်ထိ လာဘ်ပေးလာဘ်ယူမှုများရှိနေပါသေးသည်။ ပြည်သူများမှလည်း လာဘ်ပေးလာဘ်ယူကိစ္စများဆောင်ရွက်မှသာ မိမိတို့ရဲ့လုပ်ငန်းကိစ္စများကို မလိုအပ်ဘဲအချိန်ဆွဲခြင်း၊ ရက်ချိန်းရွှေ့ခြင်းများကင်းပြီး အချိန်တိုအတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် လာဘ်ပေးလာဘ်ယူကိစ္စများမပြုလုပ်ချင်သော်လည်း မဖြစ်မနေဆောင်ရွက်နေကြတဲ့အနေအထားမျိုးဖြစ်ပါတယ်။ ဝန်ထမ်းများနည်းတူ အရပ်သားပြည်သူများကိုလည်း ပညာပေးခြင်း၊ အရေးယူခြင်းများဆောင်ရွက်သင့်ပါတယ်။ ဝန်ထမ်းများဘက်မှ ကောင်းမွန်စွာဆက်ဆံကြတာတောင် ကြမ်းတမ်းသောစကားများဖြင့် လုပ်ငန်းတာဝန်များကို ကိုယ်ထိလက်ရောက်စွက်ဖက်နှောက်ယှက်တက်တဲ့ ပြည်သူများလည်းရှိပါတယ်။ ဥပမာအနေနဲ့ပြောရရင် ဝန်ထမ်းအင်အားမလုံလောက်သော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေးတဲ့အခါ မိမိတို့လိုအပ်သောအချိန်တွင် အလွယ်တကူထုတ်မပေးနိုင်သောဝန်ထမ်းများကို အပြစ်ရှာဆူပူကြိမ်းမောင်းပြောဆိုတဲ့ ပြည်သူတွေလည်းရှိကြပါတယ်။ ထို့ကြောင့် အစိုးရရဲ့ဌာနများနဲ့ ပြည်သူများအကြား ကောင်းမွန်သော ဆက်ဆံရေးတစ်ရပ်ပေါ်ပေါက်စေရန်အတွက် လိုအပ်သောစည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ဥပဒေများ၊ အရေးယူမှုများချမှတ်ပြီး တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ သို့မှသာ အစိုးရသစ်လက်ထက်တွင် ပြည်သူလူထု

တစ်ရပ်လုံး မျှော်လင့်နေသော အပြောင်းအလဲများထဲမှတစ်ခုဖြစ်သည့် နိုင်ငံသူနိုင်ငံသားများကြားတွင် လာဘ်ပေးလာဘ်ယူအဂတိတရားကင်းရှင်းပြီး ကိုယ်ကျင့်တရားကောင်းမွန်သော လူ့ဘောင်ရပ်ဝန်း တစ်ခုကိုထူထောင်နိုင်မှာဖြစ်ပြီး ပြည်သူလူထုနှင့်အစိုးရကြား ဆက်ဆံရေးအားနည်းနေမှုကို ကောင်းမွန်အောင် ပြန်လည်တည်ဆောက်ပေးနိုင်မှာဖြစ်တဲ့အပြင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့် တစ်ဖက်အကြား အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ကလေးမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခေါ်)ဒေါ်ရှားမီးရဲ့အဆိုကို အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ ဖြစ်ပါတယ်။ ကလေးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ တင်သွင်းသွားသည့် အဂတိလိုက်စားမှုကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်စေရန်၊ ရုံးချိန်းခဏခဏမပြောင်းရန်၊ လိုအပ်လာပါက အရေးယူမှုများကို ပြုလုပ်ပေးရန် ပြည်ထောင်စုအစိုးရ ကို တိုက်တွန်းတဲ့အဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံဟာ လွတ်လပ်ရေးနဲ့ အတူ ပြည်တွင်းစစ်ကိုရင်ဆိုင်ခဲ့ရတဲ့တိုင်းပြည်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံရဲ့စီးပွားရေးနိမ့်ကျမှု နဲ့အတူ ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့ပြီးတော့ အဂတိလိုက်စားမှုအများဆုံး LCD ဖွံ့ဖြိုးမှုအနည်းဆုံး တိုင်းပြည်အဖြစ်ကနေ ရုံးထွက်ဖို့ကြိုးစားနေရဆဲပဲဖြစ်ပါတယ်။ အခြေခံလူ့အခွင့်အရေးတွေကို အာမခံတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့အစိုးရစနစ်မှာ ဖွဲ့စည်းပုံရဲ့အခြေခံမူမှာပါဝင်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားများမှ ဆင်းသက်ပြီးတော့မှ နိုင်ငံတစ်ဝန်းလုံးမှာ တည်ရှိတယ်လို့ ပြဋ္ဌာန်းချက်ရှိထားပြီးတော့မှ ဥပဒေပုဒ်မ ၃၈၈ မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်ပေါ် လာစေဖို့အတွက် နိုင်ငံသားတိုင်းမှာတာဝန်ရှိသည်ဟူ၍လည်းကောင်း၊ ဥပဒေပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်

ရှိသည်ကိုလည်း အတိအကျပြဋ္ဌာန်းထားရှိရာ အစိုးရနှင့် နိုင်ငံသားများဟာ အပြန်အလှန်ယုံကြည်လေးစားမှုနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း ရှိရမှာဖြစ်ပါတယ်။

ပြည်သူများနှင့်အတူပေါက်ဖွားလာသော အရပ်သားအစိုးရလက်ထက်မှာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာတဲ့ကမ္ဘာ့နိုင်ငံတွေကို အမီလိုက်နိုင်ဖို့အတွက် ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်နဲ့အတူ အစိုးရရဲ့ယန္တရားတွေကို လျှင်မြန်သွက်လက်စွာ လည်ပတ်နိုင်စေဖို့အတွက် နိုင်ငံ့ဝန်ထမ်းများရဲ့ အရည်အချင်းပြည့်ဝမှု၊ ဝန်ထမ်းစည်းကမ်းလိုက်နာမှု၊ တာဝန်ကျေပွန်စွာထမ်းဆောင်မှုတို့ဟာလည်း အရေးကြီးတဲ့ကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ သာမန်အရပ်သားတစ်ဦးအနေနဲ့ မိမိတို့ရဲ့အကျိုးစီးပွားကို အခြေပြုပြီးတော့မှ အခက်အခဲပြဿနာတွေကို ဖြေရှင်းဖို့အတွက် ရုံးဌာနဆိုင်ရာတွေကို လိုအပ်မှသာလျှင် ထိတွေ့ဆက်ဆံတတ်ကြပါတယ်။ အဲဒီလိုထိတွေ့ဆက်ဆံကြတဲ့အခါမှာ လူထုဆက်ဆံရေးအားနည်းသော၊ တာဝန်ယူမှုနည်းပါးသော၊ ကြိုးနီစနစ်များတဲ့ အဲဒီရုံးလုပ်ထုံးလုပ်နည်းတွေကို ရုံးချိန်းတွေခဏခဏသွားကြရတဲ့အခါမှာ အစိုးရယန္တရားတွေအပေါ်မှာ ပြည်သူရဲ့ယုံကြည်မှုကလည်း လျော့နည်းလာစေခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ အရ ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးရမည်ဟူသော ပြဋ္ဌာန်းထားသလို ပုဒ်မ ၂၄ ပုဒ်မခွဲ(က)မှာလည်း ဝန်ထမ်းဟာ အရည်အချင်းနဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုအပေါ်မှာမူတည်ပြီးတော့မှ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ထောက်ခံမှုအရ ချီးမြှင့်မြှောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကိုလည်း ခံစားပိုင်ခွင့်ရှိတယ်လို့ ဝန်ထမ်းများရဲ့ရပိုင်ခွင့်နဲ့တာဝန်ကိုလည်း ခွဲခြားသတ်မှတ်ထားပြီးဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာဆိုရင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးထဲမှာ နောင်အနှစ် ၂၀ ကျလို့ရှိရင် ကျွန်မတို့က အဲဒီနိုင်ငံကိုကျော်သွားနိုင်စေရမယ်လို့ စံထားခဲ့တဲ့ စင်ကာပူနိုင်ငံမှာတောင်မှ အဲဒီခြစားမှုအညွှန်းကိန်းတွေဟာ အဆင့်(၈၄) အထိရှိနေပြီးတော့မှ သန့်ရှင်းမှုအစိုးရအဆင့်မှာ အဆင့်(၈)မှာ ရပ်တည်နေခဲ့တာဖြစ်ပါတယ်။ နောင်အနှစ် ၂၀ မှာ ဒီနိုင်ငံကိုကျော်လွှားသွားနိုင်ဖို့အတွက် ကျွန်မတို့ရဲ့ပြည်သူပြည်သားတွေနဲ့ အစိုးရဝန်ထမ်းတွေဟာ တစ်ယောက်နှင့်တစ်ယောက် လူမှုအခက်အခဲတွေ၊ ပြဿနာတွေကို ဖြေရှင်းကျတဲ့အခါမှာ အဆိုရှင်တင်သွင်းထားခဲ့သလို Eye-to-Eye Contact မှတစ်ဆင့် မိမိတို့ရဲ့ အခက်အခဲ ပြဿနာတွေကို အပြန်အလှန်ကူညီဆောင်ရွက်ပေးဖို့အတွက်လည်း လိုအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဥပဒေတစ်ခု အသက်ဝင်ဖို့အတွက် လိုက်နာနိုင်တဲ့စည်းကမ်းချက်တွေကို ပြဋ္ဌာန်းပေးဖို့လည်းလိုအပ်သလို

အမှန်တကယ်ကျင့်သုံးမှုရှိ/မရှိကိုလည်း စောင့်ကြည့်ထိန်းသိမ်းပေးရမှာဟာ ကျွန်မတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြဋ္ဌာန်းခဲ့ပြီးတဲ့ဥပဒေတွေ၊ ဥပဒေအရ ဖွဲ့စည်းထားခဲ့တဲ့ အဲဒီအဖွဲ့အစည်းတွေနဲ့ အလုပ်လုပ်နေကြတဲ့အခါမှာ နိုင်ငံ့ဝန်ထမ်းဥပဒေတွေ၊ ပုဂ္ဂိုလ်ဆိုင်ရာကာကွယ်ရေးဥပဒေတွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေတွေ၊ လက်ဆောင်ရယူခြင်းဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်တွေကို သက်ဆိုင်ရာဌာနဆိုင်ရာများ အသိပညာပေးခြင်းနှင့် အရေးယူဆောင်ရွက်ပေးနေမှုကို ထိထိရောက်ရောက်ဆောင်ရွက်ရန်အတွက် အဆိုရှင်၏ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသောအဆိုကို လေးလေးနက်နက်ထောက်ခံရင်းနဲ့ ကျွန်မတို့နိုင်ငံအစိုးရသည် တစ်စိတ်တစ်ဝန်းလည်းဖြစ် နိုင်ငံရေးအရေးအရာများကို ယုံကြည်စွာလက်တွဲဆောင်ရွက်ပြီးတော့မှ တိုးတက်ပြောင်းလဲနေတဲ့ကမ္ဘာကြီးကို အမီလိုက်နိုင်ဖို့အတွက် ကြိုးစားတိုက်တွန်းဆောင်ရွက်ပေးပါရန် နှိုးဆော်ရင်းနဲ့နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်စိုးနွယ်အေး(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးနွယ်အေး ဖြစ်ပါတယ်ရှင်။ အဆိုရှင် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီတင်သွင်းတဲ့အဆိုအရ အဂတိလိုက်စားမှုကျဆင်းရေးအတွက် အစိုးရရုံးများနှင့် ပြည်သူလူထုကြားတွင် ပွင့်လင်းမြင်သာမှုရှိစေရေး သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းများ၌ မိမိတို့တာဝန်အရ ဆောင်ရွက်ရမည့်လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးစေနိုင်ရေး၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမှာပါဝင်ခြင်းမရှိတဲ့ အချက်အလက်များကို သက်ဆိုင်ရာလုပ်ငန်းများတွင် ကြန့်ကြာအောင်ဆောင်ရွက်နေမှုများအား ဟန့်တားနိုင်ရေးတို့ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ လာဘ်ပေးလာဘ်ယူမှုကိစ္စရပ်များနှင့်ပတ်သက်၍ အရေးယူရန် လွယ်ကူသော်လည်း အဂတိတရားတွင်ပါဝင်သည့် ဆန္ဒအဂတိ၊ မောဟအဂတိတရားများကို အရေးယူနိုင်ရန်ခဲယဉ်းလှပါတယ်။ လုပ်ငန်းတစ်ခုလုပ်ဆောင်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိပြည်သူ့ဝန်ထမ်းတစ်ဦးက တောင်းဆိုသောလာဘ်လာဘကို ပြည်သူ့ကသွားရောက်ပေးခဲ့ပြီး ပေါ်ပေါက်လာတဲ့ လာဘအဂတိသည် ယနေ့အချိန်တွင် အရေးယူသူများလည်း ရှိခဲ့ပြီးဖြစ်ပါသည်။

သို့သော်သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှာရှိကြတဲ့ ပြည်သူ့ဝန်ထမ်းအချို့ဟာ သက်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူတို့အား ပွင့်လင်းမြင်သာစွာသိရှိအောင်ဆောင်ရွက်မှုမရှိခြင်းများသည် ဆန္ဒအဂတိနှင့် မောဟဂတိလိုက်စားလာရေးအတွက် ဦးတည်လျက်ရှိပါတယ်။ ဥပမာ-ပြည်သူတို့၏ ဘဏ္ဍာငွေဖြင့်ဆောင်ရွက်သောလုပ်ငန်းများမှာ ဌာနဆိုင်ရာများမှတာဝန်ရှိသူ အချို့သည် ပြည်သူကိုပွင့်လင်းမြင်သာစွာ ချပြပေးမှုမရှိခြင်း၊ ထိုနည်းအတူ သက်ဆိုင်ရာဌာန အသီးသီးရှိ လုပ်ငန်းများတွင် ပြည်သူတို့ကပူးပေါင်းဆောင်ရွက်လိုလျှင် လိုအပ်သောအချက်အလက်များအား ပြည်သူများသိရှိစေရန် ကြေညာထားမှုမရှိခြင်း၊ သက်ဆိုင်ရာဌာနတစ်ခုသို့ လုပ်ငန်းဆောင် ရွက်လာသူပြည်သူအချင်းချင်း ငွေကြေးချမ်းသာသော သို့တည်းမဟုတ် လုပ်ငန်းလုပ်ကိုင်တက်သော ပြည်သူ၏လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ပေးသော်လည်း ငွေကြေးအင်အားနည်းပါးသော၊ လုပ်ငန်းလုပ်ကိုင်မှုမကျွမ်းကျင်သော ပြည်သူ၏လုပ်ငန်းကို အချိန်ကာလကြာမြင့်သော်လည်း နည်းအမျိုးမျိုးဖြင့်ဆောင်ရွက်ပေးမှုမရှိခြင်းစသည်ဖြင့် ဆန္ဒဂတိနှင့်မောဟဂတိများ ရောနှောကာဆောင်ရွက်ခြင်းများကြောင့် အဂတိလိုက်စားမှုများ လျော့နည်းမှုကို မဖြစ်လာစေနိုင်ပါဘူးရှင်။ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၄) တာဝန်နှင့်ဥပဒေအရ၊ တာဝန်နှင့်အခွင့်အရေးများမှ အမှတ်စဉ် (င)တွင် မိမိအားပေးအပ်ထားသောတာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်းနှင့် အမှတ်စဉ်(ည)တွင် တာဝန်အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကျဉ်ခြင်းဟုပြဋ္ဌာန်းထားပါတယ်။ ဤသို့ဆိုလျှင် ပြည်သူ့ဝန်ထမ်းများသည် မိမိတို့တာဝန်ယူထားသည့် ရာထူးအလိုက် တာဝန်နှင့်ဝတ္တရားများကို သိရှိထားရမည်ဖြစ်ပေသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း(၄) တာဝန်နှင့်အခွင့်အရေးများအမှတ်စဉ်(ဌ)ပြည်သူကိုရိုသေလေးစားခြင်းလို့ ဆိုထားတဲ့အတွက် အဆိုရှင် ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီးရဲ့ အဂတိလိုက်စားမှုကျဆင်းရေးအတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးသည် လွန်စွာပင်အရေးကြီးလှပါသည်။

သို့ပါသောကြောင့် ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းလာစေရန်အတွက် အစိုးရနှင့်ပြည်သူပူးပေါင်းပါဝင်လာစေဖို့ဟာ အလွန်အရေးကြီးပါတယ်။ အစိုးရနှင့်ပြည်သူတိုက်ရိုက်ထိတွေ့မှုမရှိဘဲ ပြည်သူနှင့်တိုက်ရိုက်ထိတွေ့လျက်ရှိသော ပြည်သူ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်စွာသိရှိနားလည်ရန် လိုအပ်သကဲ့သို့ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဆန့်ကျင်ပြီးပြည်သူအား ညှင်းပန်းနှိပ်စက်မှုပြုလုပ်ဆောင်ရွက်နေခဲ့မည်ဆိုလျှင် ယနေ့အစိုးရအဖွဲ့အသီးသီးက စီမံ

ခန့်ခွဲမှုညံ့ဖျင်းခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုမရှိခြင်းဟူသော ဆုံးဖြတ်သုံးသပ်ချက်များဖြင့်သာ အရေးယူဆောင်ရွက်မည်ဆိုပါက အဂတိလိုက်စားရန်အတွက် အခွင့်ကောင်းယူရန်သာဖြစ်ပေါ်စေပါတယ်။ အဂတိတရားလေးပါးတွင် ဆန္ဒအဂတိ၊ မောဟအဂတိ ဘယာအဂတိလိုက်စားရာရောက်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသင့်ကြောင်း ထောက်ခံဆွေးနွေးလိုပါတယ်။ ကောင်းမွန်သောအစိုးရအဖြစ် ပြည်သူလက်ခံထားသော်လည်း သန့်ရှင်းသောအစိုးရဖြစ်စေရေးအတွက် ဌာနဆိုင်ရာများသည် ပြည်သူကိုယ်ဗဟိုပြု၍ ပွင့်လင်းမြင်သာစွာဆောင်ရွက်ရမည် ဖြစ်ပါတယ်ရှင်။ အစိုးရနှင့်ပြည်သူကြား ဆက်ဆံရေးပြေလည်ချောမွေ့စေရေးအတွက် ကျွန်မတို့ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍာဖြစ်ပါတယ်။ ပြည်သူနှင့်ကိုယ်စားလှယ် တိုက်ရိုက်ထိတွေ့မှုရှိနေသော်လည်း ပြည်သူ့ဆန္ဒသည်အစိုးရနှင့်တိုက်ရိုက်ထိတွေ့မှုကို လိုလားနေပါတယ်။ လိုလားနေရခြင်းအကြောင်းအရင်းမှာ အစိုးရအုပ်ချုပ်သောဌာနဆိုင်ရာဝန်ထမ်းအချို့၏ အားနည်းချက်များကို ပြည်သူကတင်ပြလို၍ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ထိုသို့ပြည်သူကတင်ပြချက်အပေါ်မှာ အစိုးရအနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများသည် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများဖောက်ဖျက်ခြင်း၊ ဌာနဆိုင်ရာလုပ်ငန်းများတွင် လုပ်ငန်းတာဝန်များကို ပြည်သူ့အတွက် ဆောင်ရွက်ပေးမှုမရှိခြင်း၊ ဆောင်ရွက်ပေးရန် အချိန်ဆွဲနေခြင်း အချို့သောလုပ်ငန်းကိစ္စရပ်များတွင် အစိုးရအဖွဲ့ လမ်းညွှန်မှုမှားစေရန် မှားယွင်းသောတင်ပြချက်များကို အစိုးရအဖွဲ့သို့ ဌာနဆိုင်ရာဝန်ထမ်းများမှ တင်ပြနေခြင်းစသော အချက်အလက်များကို သက်သေအထောက်အထားများဖြင့် တိုင်ကြားမှုများတွင် အစိုးရအနေဖြင့် ထိရောက်စွာအရေးယူပေးစေလိုသော ဆန္ဒဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့်ပြောရမယ်ဆိုရင် အဆိုရှင် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး တင်သွင်းထားတဲ့ အဂတိလိုက်စားမှုကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုကြားဆက်ဆံရေး ပြေပြစ်စေရန် အစိုးရရုံးများအား ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သောအရေးယူမှု၊ အမိန့်၊ ဥပဒေများ ချမှတ်ပေးနိုင်ပါရန် အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး တင်သွင်း

တဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးမည့် စဉ်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က အဂတိလိုက်စားမှုတွေကျဆင်းစေဖို့ အစိုးရဝန်ထမ်းများနှင့် ပြည်သူများအကြား ဆက်ဆံရေးပြေလည်စေဖို့ ရည်ရွယ်တာမို့ အဆိုရှင်ရဲ့စေတနာကောင်းကို သိမြင်နိုင်ပါတယ်။ ယခု ပြည်သူ့အစိုးရသစ်လက်ထပ်မှာ ပြည်သူ့ဝန်ထမ်းနှင့်ပြည်သူ တစ်နည်းအားဖြင့် ပြည်သူအချင်းချင်းအကြားဆက်ဆံရေးပြေလည်စေရန် ရည်ရွယ်တာလို့လည်း ဆိုနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများအကြား ဆက်ဆံရေးမပြေလည်ရတဲ့အကြောင်းအရင်းတွေကို လေ့လာကြည့်မယ်ဆိုရင် (၁)အဂတိလိုက်စားမှုကြောင့် မပြေလည်ခြင်း၊ (၂) တာဝန်ယူ၊ တာဝန်ခံမှု အားနည်းခြင်းကြောင့် မပြေလည်ခြင်း၊ (၃) ပြည်သူ့ဝန်ထမ်းတွေရဲ့ ဝန်နှင့်အားမမျှစွာလုပ်ကိုင်နေရခြင်းကြောင့်မပြေလည်ခြင်းဆိုပြီးတော့ ယေဘုယျအားဖြင့် သုံးမျိုးတွေ့ရမှာဖြစ်ပါတယ်။ (၁)အဂတိနွယ်တဲ့ မပြေလည်မှုတစ်ခုမှာ ဌာနဆိုင်ရာများသို့ ရုံးကိစ္စတစ်စုံတစ်ရာအတွက် လာရောက်တဲ့ပြည်သူတွေကို လိုအပ်တဲ့လမ်းညွှန်မှုများပေး၍ လွယ်ကူမြန်ဆန်အောင် ကူညီပေးခြင်းမျိုးရှိရမည့်အစား ငွေကြေးတစ်စုံတစ်ရာပေးမှ နီးစပ်ရာပွဲစားကဲ့သို့ လူများမှတစ်ဆင့်ဆောင်ရွက်မှသာ အလုပ်ဖြစ်အောင် တမင်ဖန်တီးထားကြောင်း အထူးသဖြင့် ပြည်သူနှင့်ထိတွေ့မှုများတဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ လဝက၊ ကညန၊ ရဲစခန်းနှင့် တရားရုံးစတဲ့ဌာနများမှာ ထိုကဲ့သို့ အခက်အခဲများ အများဆုံးတွေ့ကြုံရင်ဆိုင်နေကြကြောင်း ပြည်သူများထံမှ ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အောက်ခြေဝန်ထမ်းများမှာလည်း လာဘ်လာဘကို မျှော်ကိုးမှုမရှိတဲ့ ပြည်သူ့ဝန်ထမ်းများအဖြစ် သိက္ခာရှိစွာ ရပ်တည်လိုကြောင်းသာ ရင်ဖွင့်လာကြခြင်းများကိုလည်း နားထောင်ခဲ့ရပါတယ်။ ဒီလို အခြေခံစိတ်ဓာတ်ကောင်းတဲ့ ဝန်ထမ်းများကိုတော့ ၎င်းတို့ရဲ့စားဝတ်နေရေး၊ လုပ်ငန်းခွင်ပျော်ရွှင်သာယာအောင် ဖြည့်ဆည်းပေးခြင်းနှင့်အတူ လက်တွဲခေါ်ယူပြုပြင်ပေးနိုင်မည်ဆိုရင် ပြည်သူနဲ့ဆက်ဆံရေး ပြေပြစ်သွားနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ အဂတိလိုက်စားခြင်းမှ တစ်လ၊ တစ်နှစ်မှာ သိန်းရာချီ၊ ထောင်ချီရရှိနေတဲ့ ဌာနတချို့က မြို့နယ်အဆင့်နဲ့ အခြားအထက်အဆင့်ဦးစီးအရာရှိများကတော့ အဂတိရဲ့အရသာကို ပိုမိုတပ်မက်နေကြပါတယ်။ နိုင်ငံတော်ကဖြည့်ဆည်းပေးနိုင်တာလောက်နဲ့ ရောင့်ရဲနိုင်မှာမဟုတ်ဘဲ အဲဒီလိုဝန်ထမ်းတွေနဲ့ ပတ်သက်တဲ့ မပြေလည်မှုတွေကိုတော့ ထိရောက်စွာအရေးယူမှုတွေနဲ့ပဲ ဖြေရှင်းသင့်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး

ကော်မရှင်အနေနဲ့လည်းတိုင်ကြားစာ ရရှိမှာသာမဟုတ်ဘဲ ပြည်သူ့အသံ၊ ပြည်သူ့ကိုယ်စားလှယ်များရဲ့ အသံကို အမြဲနားစွင့်ပြီး အဂတိသတင်းကြီးသော မြို့နယ်ဌာနများကို စုံစမ်းသတင်းယူခြင်းဖြင့် အဂတိများကိုထိရောက်စွာဖော်ထုတ်အရေးယူနိုင်အောင် ကြိုးစားလုပ်ဆောင်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နံပါတ်(၂)အနေနဲ့ တာဝန်ယူ၊ တာဝန်ခံမှုအားနည်းခြင်းကြောင့် ပြည်သူနဲ့ မပြေလည်ဖြစ်ရခြင်းမှာတော့ ဌာနတွင်းစီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုအရည်အချင်းတို့နှင့် သက်ဆိုင်တယ်လို့ထင်မြင်မိပါတယ်။ လက်ရှိမှာဝန်ထမ်းတွေဟာ တာဝန်ယူလုပ်လိုက်မိလို့ မှန်နေကောင်းနေရင် ချီးကျူးခံရမှာမသေချာပေမဲ့ မှားသွားရင်အပြစ်ပေးခံရမှာသေချာတယ်ဆိုတဲ့ အစွဲမျိုးရှိနေကြပါတယ်။ မိမိပညာ၊ ရာထူးနှင့်ကိုက်ညီတဲ့ ကိစ္စများကိုတောင်မှ တာဝန်ယူမဆုံးဖြတ်ရဲတာကြောင့် အထက်ကိုတင်ပြဆုံးဖြတ်ချက်ပြန်စောင့်ဆိုတာမျိုးတွေကြောင့် ပြည်သူတွေက အချိန်ဆွဲခြင်း၊ ရုံးချိန်းခဏခဏ ချိန်းခြင်းတို့အဖြစ် အထက်အမြင် လွဲခံနေရကြောင်း သုံးသပ်မိပါတယ်။ ပြီးခဲ့တဲ့အပတ်က လွှတ်တော်ကော်မတီများရဲ့ အစီရင်ခံစာများမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းရတဲ့အခါ တာဝန်ခံနိုင်သူ၊ ဆုံးဖြတ်နိုင်သူမျှ မလာခြင်းကြောင့် ကြန့်ကြာမှုများဖြစ်ရတယ်ဆိုတဲ့အချက်က တာဝန်ခံမှုနည်းခြင်းကို ပိုမိုပေါ်လွင်စေပါတယ်။ ဒီလိုလွှတ်တော်ကော်မတီကို လာရောက်ဆွေးနွေးရသည့်ရာထူးအဆင့်များကတောင်မှ တာဝန်ခံနိုင်ဖို့၊ ဆုံးဖြတ်နိုင်ဖို့ မရှိဘူးဆိုရင် မြို့နယ်အဆင့်တွေမှာ ဝန်ထမ်းနဲ့ပြည်သူအကြား ဘယ်လောက်အဆင်မပြေဖြစ်ရမလဲဆိုတာကို ခန့်မှန်းကြည့်လို့ရပါတယ်။ ဒါကြောင့် ဌာနတွင်းမှာ တိကျသောမူဝါဒ၊ လမ်းညွှန်မှုများချမှတ်ပြီးတော့ အဆင့်အလိုက်တာဝန်ခွဲဝေမှု ဆုံးဖြတ်ပိုင်ခွင့်များပေးဖို့ လိုအပ်ပါတယ်။ ခေါင်းဆောင်များအနေနဲ့ ပုံစံခွက်ထဲမှာ ခေါက်ရိုးကျိုးနေခဲ့ရတဲ့ လက်အောက်ဝန်ထမ်းများကို မိမိကိုယ်ကိုယ် ယုံကြည်မှုရှိလာစေဖို့ တာဝန်ခံနိုင်သူများ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် လက်တွဲခေါ်ယူနိုင်မည်ဆိုလို့ရှိရင် အပြောင်းအလဲရဲ့အရသာကို ပြည်သူ့ဝန်ထမ်းတွေခံစားရပြီးတော့ ပြည်သူတွေနဲ့ဆက်ဆံရေးလည်း ပြေလည်သွားနိုင်မှာဖြစ်သလို အစိုးရယန္တရားကြီးမှာလည်း ခေါင်းနဲ့ကိုယ် ဟန်ချက်ညီသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့ဝန်ထမ်းများဟာ ဝန်နဲ့အားမမျှစွာလုပ်ကိုင်နေရခြင်းကြောင့်လည်း ပြည်သူများနဲ့ဆက်ဆံရေးမပြေမလည်ဖြစ်ရခြင်းများလည်း ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာဖွဲ့စည်းပုံအပြည့်ခန့်ထားပေးတဲ့ ဝန်ကြီးဌာနဆိုတာ မရှိသလောက်ရှားပါတယ်။ အရေးအကြီးဆုံးဖြစ်တဲ့ ပညာရေးနှင့်ကျန်းမာရေးတောင်မှ ခန့်ထားနိုင်ခြင်းမရှိသေးကြောင်း သိရှိရပါတယ်။ ဝန်နှင့်အား

မမျှလို့ဖြစ်ရတဲ့ မပြေလည်မှုများကို အများဆုံးတွေ့ရတဲ့နေရာတွေကတော့ ဆေးရုံ၊ ဆေးခန်းများပဲဖြစ်ပါတယ်။ လူ့အသက်နဲ့လွန်ဆွဲလုပ်ရတဲ့ လုပ်ငန်းကို ဝန်နှင့်အား မမျှစွာလုပ်နေရတဲ့ ကျွန်မတို့နိုင်ငံရဲ့ ဆရာဝန်ဆရာမများဟာ တစ်ခြားနိုင်ငံမှာတွေလို ပြည်သူလူနာတွေကို အချိန်ယူရှင်းမပြနိုင်တဲ့အတွက် ကြောင့်မို့လို့ လူနာနှင့်ဆရာဝန်ကြား အထက်လွဲမှားမှု မပြေလည်မှုများသာမက ကြီးမားတဲ့ ပြဿနာများတက်တဲ့အထိ ဖြစ်လာတာကို ကြားသိနေရပါတယ်။ ဒီလိုဝန်နှင့်အားမမျှတဲ့ ဖြစ်ရတဲ့ ဝန်ထမ်းနှင့်ပြည်သူကြားက မပြေလည်မှုတွေကို နိုင်ငံတော်အစိုးရက တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခြင်းဖြင့် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အချုပ်အားဖြင့် အကြံပြုရမည်ဆိုရင် (၁)အဂတိကြောင့်ဖြစ်တဲ့ မပြေလည်မှုများကို ထိရောက်စွာအရေးယူခြင်းဖြင့်လည်းကောင်း၊ (၂) တာဝန်ယူ၊ တာဝန်ခံမှုအားနည်းခြင်းကြောင့်ဖြစ်ရတဲ့ မပြေလည်မှုများကို တိကျသောမူဝါဒများ လမ်းညွှန်ချက်များချမှတ်၍လည်းကောင်း၊ (၃) ဝန်နှင့်အားမမျှမှုများကို နိုင်ငံတော်အစိုးရမှ ရေတိုရေရှည်စီမံချက်များချမှတ်ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုများ ကျဆင်းလာပြီးတော့ ပြည်သူ့အစိုးရဝန်ထမ်းများနှင့် ပြည်သူများအကြား ဆက်ဆံရေးသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း အကြံပြုရင်း ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီးရဲ့အဆိုကို အလေးအနက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကလေးဝမဲဆန္ဒနယ်က ဦးသန်းထွန်းမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းထွန်းမြင့်(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းမြင့် ဖြစ်ပါတယ်။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး တင်သွင်းတဲ့ အဂတိလိုက်စားမှု(လာဘ်ပေးလာဘ်ယူမှု)ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက မကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ဆက်စပ်ပြီး အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ဆိုလိုရင်းကို အနှစ်ချုပ်ကြည့်တဲ့အခါမှာ အဂတိတရားကင်းစင်တဲ့၊ အရည်အချင်းပြည့်ဝတဲ့၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို

လေးစားလိုက်နာတဲ့ ပြည်သူများနှင့်ဆက်ဆံရေးပြေပြစ်ပြီး ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်တဲ့ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေလိုတဲ့စေတနာကောင်းနဲ့ တင်ပြထားတာကိုတွေ့ရပါတယ်။ နိုင်ငံရဲ့နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်တို့ မှန်မှန်ကန်ကန်လည်ပတ်ဖို့ရာအတွက် နိုင်ငံ့ဝန်ထမ်းများဟာ အရေးပါတဲ့နေရာမှာပါဝင်ပါတယ်။ ဝန်ထမ်းကောင်းမှနိုင်ငံကောင်းမယ်ဆိုလို့ ဝန်ထမ်းကောင်းများ လေ့ကျင့်ပျိုးထောင်ပေးဖို့လိုပါတယ်။ ဒါမှလည်း ကျွဲကူးရေပါဆိုသလို အဆိုရှင်တင်သွင်းခဲ့တဲ့ အဂတိလိုက်စားမှုတွေ ပြည်သူနဲ့ဆက်ဆံတဲ့နေရာမှာ အပြန်အလှန်လေးစားမှုရှိပြီး ဆက်ဆံမှု ကောင်းမွန်ချောမွေ့လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့အရေးကို စီမံခန့်ခွဲရာမှာ ဝန်ထမ်းတွေရဲ့ဘဝတွေကိုလည်း လျစ်လျူရှုထားလို့မရပါဘူး။ သူတို့ရဲ့နေထိုင်မှုပုံစံတွေ၊ လူမှုရေး၊ ကျန်းမာရေး၊ သာမှုနာမှုစတာတွေကို လေ့လာဆန်းစစ်ပြီးတော့ ဝန်ထမ်းတွေရဲ့ဘဝကို မြှင့်တင်ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အဲဒီလိုမြှင့်တင်ပေးရာမှာ လစာတိုးမြှင့်ပေးတာတွေ၊ ဝန်ထမ်းတွေရဲ့ရပိုင်ခွင့်တွေ၊ အခွင့်အရေးတွေစတာတွေကိုခံစားစေပြီး ဌာနအတွင်းမှာ တာဝန်ထမ်းဆောင်ရာမှာ ပျော်ရွှင်ကျေနပ်မှုရှိအောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ဝန်ထမ်းတွေကြားမှာ အဂတိလိုက်စားမှုဟာလည်း ကူးစက်မြန်ရောဂါတစ်ခုလို့ဆိုရမှာဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းတွေကြားမှာ အဂတိလိုက်စားတာကို စနစ်တကျချဉ်းကပ်ဖြေရှင်းနိုင်ဖို့ လိုအပ်နေဆဲပဲဖြစ်ပါတယ်။ အစိုးရဝန်ထမ်းတွေကို လာဘ်စားရင်အရေးယူမယ်၊ အပြစ်ပေးမယ်ဆိုတာလောက်လုပ်နေတာဟာ တကယ်တမ်းကျတော့ ဖြေရှင်းမှုတစ်ခုလို့ပြောလို့မရပါဘူး။ ပြည်သူ့ဝန်ထမ်းတွေကြားမှာ စနစ်တကျပညာပေးတာ၊ စည်းရုံးတာ၊ ဆွေးနွေးကြားနာတာတွေပြုလုပ်ဖို့လိုပါတယ်။ ဆုပေး၊ ဒဏ်ပေးစနစ်မျိုး၊ အကျိုးခံစားခွင့်မက်လုံးတွေ၊ လိုအပ်တဲ့ပံ့ပိုးမှုတွေ၊ ပြောရေးဆိုခွင့်အခွင့်အရေးတွေ ဒါတွေကိုလည်းခွင့်ပြုပေးသင့်ပါတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်တို့အစိုးရသစ်အနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်တဲ့နိုင်ငံတစ်ခုဖြစ်ဖို့ရာအတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေပြီး ဝန်ထမ်း စည်းမျဉ်းစည်းကမ်းဥပဒေတွေကို လေးစားလိုက်နာသော အဂတိတရားကင်းရှင်းပြီး တာဝန်၊ ဝတ္တရားများကို စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ထမ်းဆောင်ကြမယ့်နိုင်ငံ့ဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ကြောင်း တိုက်တွန်းရင်းနဲ့ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး တင်သွင်းတဲ့အဆိုကို အကြံပြုဆွေးနွေးပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

## ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးမြဝင်း(ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမြဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီးရဲ့ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူ့ဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြ ချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခ)ဒေါ်ရှားမီး တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ပြည်သူလူထုအား ဝန်ဆောင်မှုပေးနေတဲ့ အစိုးရဌာန၊ ဌာနဆိုင်ရာ ရုံးအချို့မှာ ဝန်ထမ်းအချို့က ပြည်သူလူထုအား ခိုင်လုံသောအကြောင်းပြချက်မရှိဘဲနဲ့ ရုံးသို့ ထပ်မံလာရောက်ရန် ချိန်းဆိုမှုများရှိနိုင်သကဲ့သို့ ဌာနဆိုင်ရာရုံးများသို့ အကြိမ်ကြိမ် ထပ်မံလာရောက်လိုခြင်း မရှိတဲ့သူများကလည်း ၎င်းတို့၏ လုပ်ငန်းကိစ္စများအဆင်ပြေစေရန်အတွက် ဝန်ထမ်းများနှင့်ညှိနှိုင်းကာ ပြုလုပ်လာနိုင်သည့်အခြေအနေများရှိနိုင်ကြောင်း တင်ပြအပ်ပါတယ်။ အကြောင်းပြချက်ခိုင်လုံမှု မရှိဘဲ ရုံးချိန်းများမကြာခဏပြောင်းခြင်းအပါအဝင် ရှင်းလင်းလွယ်ကူချောမွေ့ရမည့် ရုံးလုပ်ငန်းစဉ် များဖြစ်ရမည့်အစား ရှုပ်ထွေးခက်ခဲသော လုပ်ငန်းအဆင့်များဖြစ်နေခြင်း၊ ဖန်တီးမှုများရှိနေခြင်းတို့ ကြောင့် အဂတိလိုက်စားမှု တစ်နည်းအားဖြင့်ဆိုရပါလျှင် လာဘ်ပေးလာဘ်ယူမှုများရှိနိုင်သည့်အခြေ အနေများဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့အခြေအနေများကြောင့် အစိုးရရုံးများအနေနဲ့

ပြည်သူလူထုအကြားမှာ ဆက်ဆံရေးပြေပြစ်မှုမရှိဘဲနဲ့ ယုံကြည်မှုအားကိုးရသည့်အခက်အခဲများ ဖြစ်ပေါ်နေသည်ဟု ယူဆရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် လွှတ်တော်ကိုယ်စားလှယ်တင်သွင်းသည့် ဝန်ထမ်းများက ပြည်သူလူထုကို ရုံးဌာနများသို့ အကြိမ်ကြိမ်ချိန်းဆိုကာ အချိန်ဆွဲ၊ စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ပြီး လာဘ်ပေးလာအောင် ဖန်တီးသည့်ကိစ္စများလျော့နည်းကျဆင်းသွားစေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သွားနိုင်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ (က) ပြည်သူလူထုအား ဝန်ဆောင်မှုပေးသည့် ဌာနဆိုင်ရာများအနေနဲ့ ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းများမှာ မလိုအပ်သည့်အဆင့်များကို လျှော့ချရန်နှင့် ဝန်ဆောင်ပေးမှုမှတ်တမ်းများထားရှိရန်၊ (ခ) လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးပြတ်အောင်ဆောင်ရွက်ရမည့်အချိန်ကာလကို တိကျစွာသတ်မှတ်ပြီး အများပြည်သူသိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ကြေညာရန် လိုအပ်သဖြင့် အချို့ဌာနများမှာ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ သို့ရာတွင် ဆောင်ရွက်ရန်ကျန်ရှိသော ပြည်သူလူထုနှင့်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သည့် အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် မိမိဌာနအလိုက် လုပ်ငန်းသဘောသဘာဝကွဲပြားခြားနားမှုအခြေအနေအပေါ်မူတည်၍ ဆောင်ရွက်ပေးရန်၊ (ဂ) သတ်မှတ်ကာလအတိုင်း လုပ်ငန်းများပြီးမြောက်စေရန်အတွက် ပြည်သူက ဆောင်ရွက်ရန်လိုအပ်သောအချက်အလက်နှင့်စာရွက်စာတမ်းများကို သက်ဆိုင်ရာဌာနအလိုက် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့် သတ်မှတ်ထားရှိပြီးသည့်ကိစ္စရပ်များအတွက် တိကျစွာလိုက်နာဆောင်ရွက်၍ ၎င်းအပေါ်မှာကြီးကြပ်ခြင်း၊ ထပ်မံအသိပေးကြေညာခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ထိုကဲ့သို့ သတ်မှတ်ပေးရန် လိုအပ်သည့်ကိစ္စရပ်များအတွက် သက်ဆိုင်ရာဌာနများက အချက်အလက်အထောက်အထားများကို ထုတ်ပြန်ကြေညာသတ်မှတ်ပေးသွားရန်၊ (ဃ) ပြီးပြတ်အောင်ဆောင်ရွက်ပေးမည့်အချိန်ကာလနှင့် ယူဆောင်လာရမည့်အချက်များကို ပြည်သူလူထုအလွယ်တကူသိရှိနိုင်ရန် ဌာနဆိုင်ရာရုံးတိုင်း၏ မြင်သာသည့်နေရာများတွင် ထင်ထင်ရှားရှားကြေညာထားရန် စာနယ်ဇင်းများတွင် မကြာခဏထုတ်ပြန်ပေးရန်နှင့် သက်ဆိုင်ရာ Website များတွင်လည်း ဖော်ပြပေးရန်၊ ဝန်ကြီးဌာနအလိုက် သတင်းအချက်အလက်များ၊ ထူးခြားဖြစ်စဉ်များ၊ မူဝါဒပြောင်းလဲမှုများ၊ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သော သတင်းများကို အလွယ်တကူသိရှိစေရန်အတွက် Call Center ၊ Hotline များ ဖွင့်လှစ်ထားရှိပြီး ဆောင်ရွက်ပေးရမည်ဖြစ်ရာ အချို့ဌာနများအနေဖြင့် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရန်လိုအပ်ပြီး ဆောင်ရွက်ခြင်းမရှိသေးသော ဌာနများ

စတင်ဆောင်ရွက်ရန်၊ (င) ခိုင်လုံသောအကြောင်းမရှိဘဲ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပေးခြင်း မပြုပါက ဝန်ကြီးဌာနအဖွဲ့အစည်းအလိုက် တိုင်ကြားနိုင်တဲ့ Complaint Center များ ထုတ်ပြန်ကြေညာထားရန်၊ (စ) ပြည်သူများ၏လုပ်ငန်းဆောင်ရွက်ရမှုအပေါ် တိုင်ကြားသည့်တိုင်ကြားစာကို စစ်ဆေးရတဲ့အခါမှာ တိုင်ကြားခံရသူသည် မိမိ၏လုပ်ငန်းတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်း မပြုကြောင်း ပြည်သူလူထုကို လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ ပညာပြအချိန်ဆွဲနေကြောင်းတွေ့ရှိပါက အဆိုပါဝန်ထမ်းအား ဝန်ထမ်းစည်းကမ်းအရ အရေးယူရန်နှင့် လာဘ်ယူကြောင်းပေါ်ပေါက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန်၊ (ဆ)လုပ်ငန်းများပိုမိုလျင်မြန်စွာပြီးစီးနိုင်ရန်နှင့် အဂတိလိုက်စားမှုလျှော့ချနိုင်ရန်အတွက် e-Government စနစ်အား နိုင်ငံတော်အစိုးရ၏မူဝါဒ၊ ရည်မှန်းချက်နှင့် ဘဏ္ဍာငွေအင်အားတို့အပေါ်အခြေခံလျက် အနာဂတ်ကာလတွင် ဖြစ်ထွန်းအောင်မြင်ရေး ရှေးရှုဆောင်ရွက်လျက်ရှိပါတယ်။ အချို့ဌာနများအနေဖြင့် စတင်ဆောင်ရွက်နေကြပြီဖြစ်သကဲ့သို့ ကျန်ရှိသည့်ဌာနများအနက် ဆောင်ရွက်ရန်လိုအပ်သည့်ဌာနများကို ဦးစားပေးဆောင်ရွက်သွားရန်၊ (ဇ) e-Government စနစ်မတိုင်ခင် Public Dealership ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုပေးသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ဆောင်မှုရယူသူ ပြည်သူထုလုတိုက်ရိုက်ထိတွေ့ရန်မလိုသည့် Online စနစ်ဖြင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားရန်တို့ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို အစိုးရဌာနအသီးသီးက တိကျစွာလိုက်နာ၍ ပီပြင်စွာအကောင်အထည်ဖော်သွားသင့်ပါတယ်။ ဤကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုပါက အဂတိလိုက်စားမှုလျော့နည်းသွားနိုင်သည့်အပြင် ပြည်သူလူထုကလည်း အစိုးရအပေါ် ယုံကြည်ကိုးစားကာ ဝန်ထမ်းနှင့်ပြည်သူကြည်ဖြူလာနိုင်မှာဖြစ်ပါတယ်။ ၎င်းအပြင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးက ဌာနအလိုက်အဂတိလိုက်စားမှုတိုက်ဖျက်ရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားပါက ပိုမိုအောင်မြင်ထိရောက်နိုင်သည့်အတွက် ကျွန်တော်တို့ကော်မရှင်အနေနဲ့ အစိုးရဌာနအဖွဲ့အစည်းများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးစီမံချက်များ ရေးဆွဲတဲ့အခါမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဈ)ပါ ကော်မရှင်ရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ လိုအပ်တဲ့အကြံဉာဏ်နှင့်အကူအညီများ ပေးအပ်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဝန်ထမ်းများနှင့်ပတ်သက်လို့ ၂၀၁၃ ခုနှစ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၁၀)မှာ နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့်ကျင့်ဝတ်နှင့် လုပ်ငန်းခွင်

စည်းကမ်းများကိုလည်းကောင်း၊ အခန်း(၁၁)မှာ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်းဆိုင်ရာပြဋ္ဌာန်းချက်ကိုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ဠ) အရ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်းမှ ရှောင်ကျဉ်ခြင်းသည် ဝန်ထမ်း၏တာဝန် ၁၂ ရပ် အနက် တာဝန်တစ်ရပ်ဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရန် ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်တဲ့ အတွက် တိကျစွာလိုက်နာဆောင်ရွက်ရေးကိုလည်း အကောင်အထည်ဖော်ရန် လိုအပ်ပါတယ်။ အဂတိ လိုက်စားမှုမှာ ပေးသူနှင့် ယူသူနှစ်ဖက်ရှိသည့်အတွက် ပြည်သူလူထုကလည်း လာဘ်ပေးခြင်းကိုလုံးဝ သဘောမတူ၊ လုံးဝလက်ခံခြင်းမပြုဆိုတဲ့ Zero Tolerance Policy ကို ကျင့်သုံးပြီး လာဘ်တောင်းသူ များကို သက်ဆိုင်ရာတာဝန်ရှိသူများသို့ တိုင်ကြားပါက လာဘ်ပေးလာဘ်ယူမှုများလျော့နည်းကျဆင်း လာနိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် တာဝန်သိစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန်လည်း လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ည)မှာ ဖော်ပြထား တဲ့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ပိုင်ခွင့်အာဏာရှိသူများရဲ့ ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်ကိုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့မှာ ပြည်သူအများပါဝင်နိုင်ရေး အတွက် သင့်လျော်သောစီမံချက်များချမှတ်၍ ဆောင်ရွက်တဲ့အခါမှာ ပြည်သူထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းဆောင်ရွက်သွားရန်လည်း လိုအပ်မည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူလူထုနှင့် တိုက်ရိုက်ဆက်သွယ်၍ ဝန်ဆောင်မှုပေးနေရတဲ့ အစိုးရဌာနအဖွဲ့အစည်းများဟာ ယင်းတို့ရဲ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မလိုအပ်ဘဲ ရွှေ့ပြောင်းချိန်းဆိုခြင်းများရှိနိုင်ပါတယ်။ ထိုသို့ ဖြစ်ပေါ်ရခြင်းမှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ၏ အားနည်းချက်တစ်ခုတည်းကြောင့်မဟုတ်ဘဲ သက်ဆိုင်ရာဝန်ထမ်းများ၏ လုပ်ငန်းမကျွမ်းကျင်မှု၊ မသမာမှုများကြောင့်လည်း ဖြစ်နိုင်သည့်အတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ ကြပ်မတ် ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး တင်သွင်းတဲ့ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုကျဆင်းရန် အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက်

**မူကြမ်း**

မခိုင်လုံဘဲ ရုံးချိန်းခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများ ချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ မှတ်တမ်းတင် ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ကျွန်မရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးသွားကြတဲ့ လွှတ်တော် ကိုယ်စားလှယ်ခြောက်ဦးအပေါ်မှာ ကျေးဇူးအထူးတင်ရှိကြောင်း ပဏာမအနေနဲ့ ပြောလိုပါတယ်။ ကျွန်မရဲ့အဆိုရဲ့ဆိုလိုရင်းဟာ ကျယ်ပြန့်လွန်းတယ်ဆိုတာ ကျွန်မသဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျွန်မ ရဲ့ဆိုလိုရင်းထဲကနေပြီးတော့ အကျဉ်းချုပ်သုံးချက်ကို ကျွန်မဖော်ပြသွားချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံ့တာဝန်ကိုထမ်းဆောင်ကြတဲ့အခါမှာ နိုင်ငံတော်အစိုးရရဲ့လစာ၊ ရိက္ခာကို ယူပြီး ဌာနအလိုက်ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်ကြရတယ်။ နိုင်ငံ့ဝန်ထမ်းများကသာ နိုင်ငံ့တာဝန် ကိုထမ်းဆောင်ကြရတာမဟုတ်ပါဘူး။ နိုင်ငံတော်ကို ကျသင့်တဲ့အခွန်အခများပေးဆောင်ပြီး မိမိဘဝ တိုးတက်မြင့်မားအောင်ကြိုးပမ်းနေကြတဲ့ ပြည်သူလူထုဟာ တူညီတဲ့အခွင့်အရေးနဲ့ တန်းတူရည်တူ သိက္ခာရှိရှိဆက်ဆံခံရဖို့ အထူးလိုအပ်တဲ့အတွက် ကျွန်မဒီအဆိုကိုတင်သွင်းခြင်းဖြစ်ပါတယ်။ ဒီလို ဆက်ဆံရေးပြေပြစ်ဖို့ရာအတွက် ပညာရှင်များရဲ့လေ့လာစူးစမ်းချက်အရ Eye to Eye Contact မျက်လုံးချင်းတစ်တန်းတည်းဆက်ဆံခံရခြင်းဟာ အကောင်းဆုံးဖြစ်တယ်ဆိုတာကို ကျွန်မ လေ့လာ သိရှိရပါတယ်။ ဒီနေရာမှာ အထင်ရှားဆုံးဖြစ်တဲ့ ပြည်သူလူထုနှင့်တွေ့လျှင် Eye Contact အနေ အထားနဲ့စကားပြောပြီး လေးစားကြောင်းပြတာဟာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ရာခိုင်နှုန်း အနည်းငယ်သောခေါင်းဆောင်တွေမှာသာ ရှိတာကို စိတ်မကောင်းဖွယ်တွေ့ရပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ကျောင်းသားကိုယ်စားလှယ်များနဲ့ ငြိမ်းချမ်းရေးဆွေးနွေးစဉ်က ကြမ်းတစ်ပြင် တည်း ထိုင်ပြီးဆွေးနွေးခဲ့သလို ပင်လုံမြို့မှာကျင်းပတဲ့ ပြည်ထောင်စုနေ့အခမ်းအနားအပြီး တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ဆွေးနွေးတဲ့အခါမှာလည်း အမြင့်တူတဲ့ခုံမှာသာထိုင်ပြီး Eye to Eye Contact အနေအထားနဲ့ ဆွေးနွေးတာတွေ့ရပါတယ်။ ဘယ်လောက်အလေးထားကြောင်း အထင်ရှား ဆုံးကတော့ ခရစ်စမတ်အကြို ကရင်တိုင်းရင်းသားတိုင်းရင်းသူများ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့

အိမ်ခြံမှာ ဓမ္မတေးသီချင်းဆိုစဉ်တုန်းကတွေ့ရမှာဖြစ်ပါတယ်။ ကပြဖျော်ဖြေကြတဲ့အချိန်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာလည်း ချထားတဲ့ခုံမှာထိုင်ပြီး စိတ်ပါဝင်စားစွာနဲ့နားထောင်ကြည့်ရှုတာကို တွေ့ရသလို မတ်တပ်ရပ်သီချင်းဆိုကြတဲ့အခါမှာလည်း မတ်တပ်ရပ်ပြီးအားပေးတာတွေ့ရမှာပါ။ မြက်ခင်းပြင် ပေါ်မှာ နှုတ်ဆက်စကားပြောကြားတဲ့အခါမှာလည်း သူကိုယ်တိုင်မြက်ခင်းပြင်ပေါ်ထိုင်ပြီး ဧည့်ခံ စကားပြောတာကို လေးစားမှုပြတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ပြည်သူတွေ ရုံးကို သွားကြတဲ့အခါ မျက်လုံးချင်းတစ်တန်းတည်းအနေအထားနဲ့ ဆက်ဆံခံရမှုအားနည်းနေသေးတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်မအထူးသဖြင့် မှတ်ချက်ပေးပြောကြားလိုတာက ဝန်ထမ်းနဲ့ပြည်သူလူထု ဆက်ဆံရာမှာ ဝန်ထမ်းရော၊ ပြည်သူများပါ တာဝန်နဲ့လုပ်ပိုင်ခွင့်များ အခွင့်အရေးများကို အလွဲသုံးစား မပြုလုပ်ကြဘဲ ဥပဒေများပိုမိုအားကောင်းလာစေပြီး အခွင့်အရေးနှင့်ရပိုင်ခွင့်များ ဝန်ထမ်းရော ပြည်သူများပါ ရှင်းရှင်းလင်းလင်းသိမြင်လာစေဖို့ ရည်ရွယ်ခြင်းပဲဖြစ်ပါတယ်ရှင့်။

ကျွန်မရဲ့အဆိုမှာ တင်ပြခဲ့သလို ရုံးဌာနတွင်း ဆက်ဆံခြင်းဟာလည်း အရေးကြီးတဲ့အချက်လည်း ဖြစ်ပါတယ်။ ကော်မရှင်ဥက္ကဋ္ဌအနေနဲ့ ကျွန်မရဲ့အဆိုအပေါ်မှာ အလေးအနက်ထားပြီးတော့ ရှင်းရှင်းလင်းလင်းတင်ပြပြီးတော့ မှတ်တမ်းတင်ဖို့ရာအတွက် တင်ပြထားတာကို ကျွန်မအနေနဲ့လည်း ကျွန်မအဆိုရဲ့ရည်ရွယ်ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး သဘောပေါက်နားလည်ပြီးသားဖြစ်တဲ့အတွက် ဒီကိစ္စကိုလည်း အစိုးရကနေပြီးတော့ ဆောင်ရွက်ဆဲလည်းဖြစ်တယ်။ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမယ်လို့လည်း ကျွန်မယုံကြည်တဲ့အတွက် ကျွန်မရဲ့အဆိုကို မှတ်တမ်းအဖြစ်နဲ့ထားရှိဖို့ ကျွန်မထောက်ခံတင်ပြအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ကလေးမဲဆန္ဒနယ်ကတင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ခြောက်ဦးကဆွေးနွေးပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးရန်ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်အေးအေးမူ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကိုရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၂:၀၀ နာရီအချိန် တွင်ရပ်နားပါသည်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၃၀.၅.၂၀၁၇)

## ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီး



ဦးခင်မောင်သီ
(လှိုင်လင်မဲဆန္ဒနယ်)



ဦးကံမြင့်
(သရက်မဲဆန္ဒနယ်)



ဦးစောထွန်း
(မုဒုံမဲဆန္ဒနယ်)



ဦးမောင်မောင်
(ထီးချိုင့်မဲဆန္ဒနယ်)



ဦးတင်လှ
(ဓနုဖြူမဲဆန္ဒနယ်)



ဒေါက်တာအောင်သူ (ဝန်ကြီး)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်